ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် ထုတ်ဝေသည်။ Established in 1957

၁၃၇၉ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၃ ရက်၊ အင်္ဂါနေ့။ Tuesday, 13 February 2018 ၉၁၉၉


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည်မမြင်နိုင်။ ဤသို့ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့က

# (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့က တည်ခင်းဧည့်ခံသည့် ၂၀၁၈ ခုနှစ် (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲ အခမ်းအနားကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ခန်းမ ဥပစာရင်ပြင်၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ဝင်များနှင့် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

**ညစာအတူတကွသုံးဆောင်**

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ညစာကို အတူတကွသုံးဆောင်ကြသည်။

ညစာသုံးဆောင်နေစဉ်အတွင်း မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ ပြည်ထောင်စုတိုင်းရင်းသားတိုင်းရင်းသူများနှင့် တေးသံရှင်များက တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ညစာစားပွဲအခမ်းအနားသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဇနီး ဒေါက်တာရွှေလှမ်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❋**





**ရင်းရင်းနှီးနှီး နှုတ်ဆက်**

(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာသည့် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**တည်ခင်းဧည့်ခံ**

(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ညစာစားပွဲအဖြစ် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့က တည်ခင်းဧည့်ခံစဉ်။




ကြေးမုံ

# ပြည်ထောင်စုအတွက် ငြိမ်းချမ်းရေး

ယနေ့ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွက် ကျက်သရေမင်္ဂလာရှိသော နေ့တစ်နေ့ဖြစ်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ဗိသုကာကြီး၊ အမျိုးသားခေါင်းဆောင်ကြီး၊ လွတ်လပ်ရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို မျိုးစေ့ချပေးခဲ့သော ပုဂ္ဂိုလ်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့ဖြစ်သလို ပြည်ထောင်စုကြီးငြိမ်းချမ်းရေးအတွက် တိုင်းရင်းသားအဖွဲ့အစည်း နှစ်ဖွဲ့က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) တွင် လက်မှတ်ရေးထိုးသော နေ့ဖြစ်သည်။

မြန်မာ့လွတ်လပ်ရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အခိုင်အမာစိုက်ထူပေးခဲ့သည့် ပင်လုံစာချုပ်လက်မှတ်ရေးထိုးခဲ့သည့် အထိမ်းအမှတ်နေ့ ဖေဖော်ဝါရီလ ၁၂ ရက်(ပြည်ထောင်စုနေ့)အပြီး နောက်တစ်နေ့ (ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့) ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့ NCA စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးခြင်းသည် ပြည်ထောင်စုကြီးငြိမ်းချမ်းရေးအပြင် အမျိုးသားခေါင်းဆောင်ကြီးအား ဂုဏ်ပြုရာလည်း ရောက်ပေသည်။

ပြည်ထောင်စုကြီး ငြိမ်းချမ်းရေးအတွက် ကနဦးခြေလှမ်းမှာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) တွင် လက်မှတ်ရေးထိုးခြင်းဖြစ်သည်။ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲထားပါမှ တစ်ဖက်နှင့်တစ်ဖက် ငြိမ်းချမ်းစွာ အဖြေရှာနိုင်မည်ဖြစ်ပြီး ငြိမ်းချမ်းရေးခရီးအတွက် အလှမ်းနီးလာမည်ဖြစ်သည်။ လက်ရှိတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) တွင် လက်မှတ်ရေးထိုးပြီးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့ရှိပြီး ယခု တိုင်းရင်းသားအဖွဲ့ နှစ်ဖွဲ့လက်မှတ်ရေးထိုးပြီးနောက် (NCA) တွင် လက်မှတ်ရေးထိုးပြီးအဖွဲ့ ၁၀ ဖွဲ့ ရှိလာမည်ဖြစ်သည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ရာတွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် ငြိမ်းချမ်းရေးညီလာခံတွင် တက်ရောက်ဆွေးနွေး ညှိနှိုင်းအဖြေရှာနိုင်ရန်အတွက် NCA တွင် လက်မှတ်ရေးထိုးရေးမှာ အရေးကြီးပါသည်။ လက်ရှိတွင် ငြိမ်းချမ်းရေးညီလာခံများသို့ တက်ရောက်နေသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှာ ရှမ်း(RCSS/SSA)၊ ချင်း(CNF)၊ ကရင်(KNU, DKBA, KNU/ KNLA-PC)နှင့် ရခိုင်(ALP) တို့ ပါဝင်ခဲ့ပြီး ယခု မွန်(NMSP) နှင့် လားဟူ(LDU) တို့ ထပ်မံပါဝင်လာခြင်းသည် ငြိမ်းချမ်းရေးခရီးအရွေ့ကို တိုးတက်စေနိုင်သည်။

မြန်မာနိုင်ငံနှင့် တိုင်းရင်းသားပြည်သူအားလုံး၏ မျှော်လင့်ချက်မှာ ငြိမ်းချမ်းရေးပင်ဖြစ်သည်။ ငြိမ်းချမ်းခြင်းသည် တိုင်းရင်းသားပြည်သူအားလုံး စိတ်နှလုံးချမ်းမြေ့စေပြီး အေးချမ်းသာယာစွာဖြင့် ဆက်ဆံပေါင်းသင်း ရပ်တည်နေထိုင်နိုင်သောကြောင့် ငြိမ်းချမ်းရေးကို မျှော်လင့်ကြသည်။ တောင့်တကြသည်။ လိုချင်ကြသည်။ နိုင်ငံတော်အနေဖြင့် ငြိမ်းချမ်းရေးနှင့် အလှမ်းဝေးနေသေးသောကြောင့် လူမှုစီးပွားဘဝ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ကြဉ်းပေးနိုင်ရန် အလှမ်းဝေးနေသေးသည်။ တိုင်းပြည်အနေဖြင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကာ သူတစ်ပါးနောက် ရောက်နေသေးသည်။

ထို့ကြောင့် ငြိမ်းချမ်းရေးကို လိုလားကြသည်။ ငြိမ်းချမ်းရေးကို ရရှိလိုသည်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် မိမိတို့လူမျိုးအသီးသီးတို့၏ ရသင့်ရထိုက်သော အခွင့်အရေးများကို ရရှိလိုပါမူ ဦးစွာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) တွင် ပါဝင်လက်မှတ်ရေးထိုးပြီး နိုင်ငံရေးနည်းဖြင့် စားပွဲဝိုင်းတွင် ငြိမ်းချမ်းစွာ အဖြေရှာကြရမည်ဖြစ်သည်။ လက်နက်ကိုင်နည်းဖြင့် အဖြေရှာခြင်းသည် မည်သည့်အခါမျှ ငြိမ်းချမ်းရေးကို ရရှိမည်မဟုတ်သည့်အပြင် မိမိတို့ လိုလားသော အခွင့်အရေးများနှင့်လည်း နီးစပ်နိုင်မည် မဟုတ်ချေ။

သို့ဖြစ်ရာ မငြိမ်းချမ်းသောနည်းဖြင့် လက်နက်စွဲကိုင် အဖြေရှာနေသည်မှာ နှစ်ပေါင်း ၇၀ နီးပါးရှိခဲ့ပြီဖြစ်သည်။ အကျိုးဆက်မှာ တိုင်းရင်းသား ပြည်သူများသာ ဒုက္ခဆင်းရဲရောက်ကြရသည်။ သေကျေပျက်စီးကြရသည်။ ငြိမ်းချမ်းရေးကို ငြိမ်းချမ်းသောနည်းဖြင့် အဖြေရှာနိုင်ရန်အတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) တွင် ကျန်ရှိသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များလည်း ပါဝင်လက်မှတ်ရေးထိုးနိုင်အောင် ကြိုးပမ်းအားထုတ်ကြရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။ ။

## ပြည်ထောင်စုနေ့ ဂုဏ်ပြုပွဲနှင့် ကလေးများနေ့အကြို ကာယပြိုင်ပွဲ ကျင်းပ

**မင်းလှ ဖေဖော်ဝါရီ ၁၂**

ပြည်ထောင်စုနေ့ဂုဏ်ပြုပွဲနှင့် ကလေးများနေ့အကြို ကာယပြိုင်ပွဲကို မင်းလှမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝင်းအတွင်း ယနေ့နံနက် ၉ နာရီမှစတင်၍ ကျင်းပခဲ့သည်။

(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့နှင့် ကလေးများနေ့အကြို ကာယပြိုင်ပွဲတွင် ကာယအားကစားလေးမျိုးဖြစ်သည့် အပြေး၊ ယုန်ခုန်၊ မုန့်စား၊ အာလူးကောက်ပြိုင်ပွဲများကို အခြေခံပညာမူလတန်းကျောင်းများမှ ကျောင်းသားကျောင်းသူများက ပြိုင်ပွဲဝင်ခဲ့ကြသည်။ မိဘများ၊ ဆရာ ဆရာမများက အားပေးခဲ့ကြကာ မြန်မာကလေးများနေ့တွင် ဉာဏ်ပြိုင်ပွဲများ၊ ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဆုပေးပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုသက်(အထက်မင်းလှ)**



**တန်းတူညီမျှ အခွင့်အရေးရ**
**ငြိမ်းချမ်းသာယာ ပြည်ထောင်စုမှာ**
**တန်းတူညီမျှ တာဝန်ယူကြ**
**လုံခြုံခိုင်မာ ပြည်ထောင်စုမှာ**

## မွေးနေ့မင်္ဂလာ

☆ ဇာတိမြေ နတ်မောက်မြို့
ဂုဏ်မချို့ စံဌာနီ
လင်းလက်ရောင်ခြည်။
"တစ်ဆယ့်သုံးရက်" ဖေဖော်ဝါရီ
မင်္ဂလာမည်စွာ ဖူးပွင့်လန်း။
လွတ်လပ်ရေးဖခင် သူ့ဂုဏ်ပုဒ်နဲ့
ဗိုလ်ချုပ်အောင်ဆန်း။
☆ အဟုတ်အမှန် ကျင့်ကြံကြိုးကုတ်
မညှိုးဂုဏ်နဲ့ ကမ္ဘာတည်
မြင့်မြတ်တည်ကြည်။
လက်ရုံး နှလုံးပြည့်စုံသည်
အာဇာနည်ကွဲ့ မမေ့တမ်း။
ပြည့်လျှမ်းဂုဏ်
မသွေတမ်းယုံ တိုင်းပြည်အထွတ်ပေမို့
ဦးညွတ်ကာ လက်ာသွားရယ်နဲ့
မင်္ဂလာတရားနဲ့အညီ တို့ဂုဏ်ပြုတယ်
ယခုတိုင်လွမ်း။ ။

**အောင်မြင့်စိုး(ရေစကြို)**

## မြန်မာနိုင်ငံ ကင်းထောက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ညှိနှိုင်းဆွေးနွေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

မြန်မာနိုင်ငံ ကင်းထောက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တွေ့ဆုံဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ရန်ကုန်တက္ကသိုလ်များ စိန်ရတုခန်းမ၌ ကျင်းပရာ အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်ကော်မတီဥက္ကဋ္ဌ Mr.Paul Parkinson၊ အဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကင်းထောက်ကော်မတီဥက္ကဋ္ဌ ကင်းထောက်ချုပ် ဒေါက်တာတင်ညိုနှင့် ကော်မတီဝင်များ တက်ရောက်ခဲ့ကြသည်။



ယင်းတွေ့ဆုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ ကင်းထောက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်နှင့် အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့တို့ ပူးပေါင်း၍ ဆောင်ရွက်နိုင်ရန် သင်တန်းများ၊ ကျွမ်းကျင်မှုဆိုင်ရာ သင်ကြားပို့ချမည့် သင်တန်းဆရာများ မွေးထုတ်ရေး၊ ငြိမ်းချမ်းရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရေး၊ မြန်မာနိုင်ငံတွင် ကင်းထောက်အဖွဲ့လုပ်ငန်းများ စနစ်တကျတိုးတက်ရန် ကမ္ဘာ့ကင်းထောက်အဖွဲ့မှ ပံ့ပိုးကူညီနိုင်မည့် နည်းလမ်းများ၊ မြန်မာနိုင်ငံ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ကျောင်းများတွင် မူလတန်းအရွယ်ကလေးများ၊ ကင်းထောက်ငယ်များ စတင်ဖွဲ့စည်းရေးနှင့် အခြေခံပညာ အထက်တန်းကျောင်း၊ တက္ကသိုလ်များတွင် ကင်းထောက်ပညာရပ်များ စနစ်တကျ ပြန့်ပွားရေးအတွက် အရပ်ဘက်လူ့အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မည့် နည်းလမ်းများကို အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းအတွက် ငွေကျပ် သိန်း ၁၀၀ လွှဲပြောင်းပေးအပ်

**မိုးမောက် ဖေဖော်ဝါရီ ၁၂**

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရေးစီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ကျေးရွာတစ်ရွာတွင် ငွေကျပ် သိန်း ၁၀၀ ထောက်ပံ့သည့်အစီအစဉ်ဖြင့် မိုးမောက်မြို့နယ် ပန်းချိုဟိုင်းကျေးရွာတွင် ကွန်ကရစ်လမ်းခင်းရန် ငွေကျပ် သိန်း ၁၀၀ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ဖေဖော်ဝါရီ ဒုတိယပတ်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်းက အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်းစီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ငွေကျပ် သိန်း ၁၀၀ ကို ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း

**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလဲ့

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

**✱ ရှေ့ဖုံးမှ**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ဇနီးဒေါ်နန့်ကြင်ကြည်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့် ဇနီး ဒေါ်ငွေးရီ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ဇနီးဒေါ်အေးသီတာ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ဒုတိယဥက္ကဋ္ဌများနှင့်ဇနီးများ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် ၎င်းတို့၏ ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဇနီး၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### တိုင်းရင်းသားရိုးရာအကဖြင့် ဖျော်ဖြေ

ညစာစားပွဲအပြီးတွင် ဧည့်သည်တော်များသည် မြို့တော်ခန်းမ လဟာပြင်ကဇာတ်ရုံ၌ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ ယဉ်ကျေးမှုအကအဖွဲ့များက တိုင်းရင်းသားရိုးရာအကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

**သတင်းစဉ်**



(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ညစာစားပွဲသို့ တက်ရောက်လာသူများအား နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ညစာစားပွဲသို့ တက်ရောက်လာသူများအား ဒုတိယသမ္မတ ဦးမြင့်ဆွေ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ညစာစားပွဲသို့ တက်ရောက်လာသူများအား ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ညစာစားပွဲတွင် တိုင်းရင်းသားရိုးရာအကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်စဉ်။

# အီရတ်ပြန်လည်ထူထောင်ရေးနှင့် အိုင်အက်စ်တိုက်ဖျက်ရေး ညီလာခံများ အရေးကြီးပုံကို ကူဝိတ်နိုင်ငံထုတ်ဖော်

**ကူဝိတ်စီးတီး ဖေဖော်ဝါရီ ၁၂**
အီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေးနိုင်ငံတကာ ညီလာခံနှင့် အစ္စလာမ့်စ်နိုင်ငံတော်ထူထောင်ရေးအဖွဲ့(အိုင်အက်စ်) တိုက်ဖျက်ရေး နိုင်ငံတကာ ညီလာခံတို့ကျင်းပမှု အရေးကြီးပုံကို ကူဝိတ်နိုင်ငံက ဖေဖော်ဝါရီ ၁၂ ရက်တွင် ဆော်ဩလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

အီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေးကြိုးပမ်းအားထုတ်မှုများအား အားပေးထောက်ခံကြရန် ကူဝိတ် ဒုတိယဝန်ကြီးချုပ်လည်းဖြစ်၊ နိုင်ငံခြားရေးဝန်ကြီးလည်း ဖြစ်သူရှိတ်ဆာဘားခါလက်အယ်လ်ဆာဘားက မိတ်ဆွေနိုင်ငံများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများကို တိုက်တွန်းလိုက်ပြီး ယင်းညီလာခံများကို ကူဝိတ်၌ကျင်းပမည်ဟုဆိုသည်။

အီရတ်နိုင်ငံအား ထောက်ခံပြီး ယင်းနိုင်ငံဘက်မှ ရပ်တည်လျက်ရှိပုံကို ထင်ဟပ်ပြသသည့်အနေဖြင့် အထက်ဖော်ပြပါ ညီလာခံများကို မိမိ၏နိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခြင်းဖြစ်ကြောင်း အီရတ်ပြန်လည်ထူထောင်ရေးညီလာခံအတွက် မီဒီယာစင်တာဖွင့်ပွဲအခမ်းအနားနှင့် ဆက်စပ်နေသော သတင်းစာရှင်းလင်းပွဲတွင် ကူဝိတ် ဒုတိယဝန်ကြီးချုပ်က ပြောကြားသည်။

မိမိတို့၏ အိမ်နီးချင်း အီရတ်နိုင်ငံ၌ အိုင်အက်စ်အဖွဲ့က ထိန်းချုပ်ထားခဲ့သော နယ်မြေများကို တပ်မတော်က ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည့် အောင်ပွဲများအတွက် မိမိတို့ဂုဏ်ယူဝမ်းမြောက်ရကြောင်း ၎င်းက ပြောကြားသည်။ **(အောက်ပုံ)**

အိုင်အက်စ်အဖွဲ့သည် အရှေ့အလယ်ပိုင်းဒေသတွင်း၌သာ ခြိမ်းခြောက်နေသည်မဟုတ် တစ်ကမ္ဘာလုံးကို ခြိမ်းခြောက်လျက် ရှိကြောင်း အယ်လ်ဆာဘားက ပြောကြားသည်။

အီရတ်နိုင်ငံ လုံခြုံရေးနှင့် တည်ငြိမ်မှုရှိရေးအတွက် ပါဝင်ဆောင်ရွက်ပါမည်ဆိုသော နိုင်ငံတကာအသိုက်အဝန်း၏ ကတိကဝတ်ပြုမှုနှင့်အညီ အီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေး၊ အိုင်အက်စ်အဖွဲ့ တိုက်ဖျက်ရေးညီလာခံများကို အရေးတယူကျင်းပရန် လိုအပ်ခြင်းဖြစ်ကြောင်း အယ်လ်ဆာဘားက ပြောကြားသည်။

အီရတ်ပြန်လည်ထူထောင်ရေး နိုင်ငံတကာ ညီလာခံကို ဖေဖော်ဝါရီ ၁၂ ရက်တွင် စတင်ကျင်းပလျက်ရှိကြောင်း၊ အိုင်အက်စ်တိုက်ဖျက်ရေး နိုင်ငံတကာညွန့်ပေါင်းအဖွဲ့၏ ဝန်ကြီးအဆင့် အစည်းအဝေးကို ဖေဖော်ဝါရီ ၁၃ ရက်တွင် စတင်ကျင်းပမည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

**ဆင်ဟွာ**





# ယူအေအီးရောက် အိန္ဒိယဝန်ကြီးချုပ် ပြင်သစ်ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေး

**ဒူဘိုင်း ဖေဖော်ဝါရီ ၁၂**
အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီသည် ပြင်သစ်ဝန်ကြီးချုပ် အက်ဒွပ်ဖီးလစ်နှင့် အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး) ဒူဘိုင်းမြို့၌ ဖေဖော်ဝါရီ ၁၁ ရက်က တွေ့ဆုံကာ နှစ်နိုင်ငံမဟာဗျူဟာမြောက်ဆက်ဆံရေး မြှင့်တင်နိုင်မည့်နည်းလမ်းများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်း၊ ပြင်သစ်သမ္မတ အီမင်နျူယယ်မေခရွန်သည် အိန္ဒိယနိုင်ငံသို့ လာမည့်လတွင် လာရောက်ရန်ရှိနေစဉ် ယင်းသို့ တွေ့ဆုံဆွေးနွေးခြင်းဖြစ်ကြောင်း ပီတီအိုင် သတင်းဌာနက ဖေဖော်ဝါရီ ၁၂ ရက်တွင် သတင်းထုတ်ပြန်သည်။ **(အပေါ်ပုံ)**

ဒူဘိုင်း၌ ကျင်းပသော ကမ္ဘာ့အစိုးရအဖွဲ့များဆိုင်ရာ ထိပ်သီးညီလာခံကာလအတွင်း ဝန်ကြီးချုပ်မိုဒီနှင့်ဝန်ကြီးချုပ်ဖီးလစ်တို့ သီးသီးသန့်သန့် တွေ့ဆုံဆွေးနွေးခြင်းဖြစ်သည်။

အိန္ဒိယနှင့် ပြင်သစ်နိုင်ငံတို့သည် အထက်တန်းတာဝန်ရှိ ပုဂ္ဂိုလ်အဆင့် အပြန်အလှန်ထိတွေ့ဆက်ဆံခြင်းမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လျက်ရှိကြောင်း၊ ကာကွယ်ရေး၊ နျူကလီးယားစွမ်းအင်နှင့် အာကာသစသည့်နယ်ပယ်ရပ်များ အသီးသီးတွင် ပူးပေါင်းဆောင်ရွက်ရန် မဟာဗျူဟာများ ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း ဝန်ကြီးချုပ်မိုဒီက ပြောကြားသည်။

ဝန်ကြီးချုပ် မိုဒီသည် လွန်ခဲ့သည့်နှစ်က သမ္မတရာထူးတာဝန်ကို မေခရွန် စတင် ထမ်းဆောင်ခဲ့အပြီး မကြာမတင်မှာပင် ပြင်သစ်နိုင်ငံသို့ သွားရောက်ခဲ့သည်။

ဝန်ကြီးချုပ်မိုဒီသည် အာရပ်စော်ဘွားများ ပြည်ထောင်စု၏ မြို့တော် အဘူဒါဘီသို့ ဖေဖော်ဝါရီ ၁၀ ရက်တွင် ဆိုက်ရောက်လာခဲ့သည်။ မိုဒီသည် အဘူဒါဘီအိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဇာယီအယ်နာယန်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ မိုဒီ၏ ခရီးစဉ်အတွင်း အိန္ဒိယနှင့် အာရပ်စော်ဘွားများ ပြည်ထောင်စုအကြား ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် ငါးရပ်ကို လက်မှတ်ရေးထိုးခဲ့ရာတွင် ကမ်းလွန်ရေနံတူးဖော်ရေးလုပ်ကွက်၌ အိန္ဒိယရေနံကုမ္ပဏီများ ပါဝင်သော အုပ်စုတစ်စုကို လုပ်ကိုင်ခွင့်ပေးသော သဘောတူညီချက်တစ်ရပ်လည်း ပါဝင်သည်။

**ပီတီအိုင်**

# ပါကစ္စတန်တောင်ပိုင်းတွင် ခရီးသည်တင်ကားနှင့် ကုန်တင်ကားတိုက်မိ၊ ၁၁ ဦးထက်မနည်းသေဆုံး

**အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၁၂**
ပါကစ္စတန်နိုင်ငံတောင်ပိုင်း ဟိုက်ဒရာဘတ်မြို့တွင် ဖေဖော်ဝါရီ ၁၂ ရက်က ကုန်တင်ကားတစ်စီးနှင့်ခရီးသည်တင် ဗင်ကားတစ်စီးတို့ တိုက်မိမှုဖြစ်ပွားရာ အမျိုးသမီးကိုးဦး အပါအဝင် လူ ၁၁ ဦး သေဆုံးပြီး လူအချို့ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့ အထက်တန်းအရာရှိတစ်ဦးက ပြောကြားသည်။

ဟိုက်ဒရာဘတ် မြို့တွင်းရှိ တန်ဒိုမိုဟာမက်ခန်းလမ်းမတွင် အရှိန်ပြင်းစွာ မောင်းနှင်လာသည့် ကုန်တင်ယာဉ်တစ်စီးက ခရီးသည်တင် ဗင်ကားတစ်စီးကို တိုက်မိခဲ့ကြောင်း၊ ယာဉ်တိုက်မှုကြောင့် ခရီးသည်ရှစ်ဦးမှာ ပွဲချင်းပြီးသေဆုံးပြီး ဒဏ်ရာရရှိသူသုံးဦးမှာ ဆေးရုံသို့ ပို့ဆောင်ပေးစဉ်လမ်းခရီး၌ သေဆုံးရကြောင်း ဟိုက်ဒရာဘတ်ခရိုင် ရဲတပ်ဖွဲ့ ဒုတိယတပ်ဖွဲ့မှူး ဒို့စ်မိုဟာမက် မန်ဂရီရိုက ပြောကြားသည်။

**သွားရောက်**

ယာဉ်တိုက်မှုကြောင့် သေဆုံးရသူ အမျိုးသမီးများမှာ ဆင်းပြည်နယ် ဟိုက်ဒရာဘတ်အခြေစိုက် ပုဂ္ဂလိက ကုန်ပစ္စည်းရောင်းဝယ်ရေး ကုမ္ပဏီမှ အလုပ်သမများဖြစ်ကြပြီး အနီးနားရှိ ကျေးရွာများသို့ ကုန်ပစ္စည်းများအား ရောင်းချရန် သွားရောက်စဉ် မတော်တဆမှုဖြစ်ပွားခြင်းဖြစ်ကြောင်း မန်ဂရီရိုက ပြောကြားသည်။

ယာဉ်မတော်တဆမှုကြောင့် သေဆုံးခဲ့သူများ၏ ရုပ်အလောင်းများကို ဟိုက်ဒရာဘတ် မြို့ပြ ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး ထိခိုက်ဒဏ်ရာရသူ အမျိုးသမီး အချို့ကိုလည်း ဆေးဝါးကုသမှုများ ခံယူစေခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ဆင်းပြည်နယ်အား အုပ်ချုပ်နေသည့် ပါကစ္စတန် ပြည်သူ့ပါတီ ဥက္ကဋ္ဌ ဘီလာဝယ်ဘူတို ဇာဒါရီက အဆိုပါယာဉ်မတော်တဆဖြစ်ပွားမှုကြောင့် ဝမ်းနည်းကြေကွဲရကြောင်း ပြောကြားခဲ့ပြီး မတော်တဆမှုတွင် သေဆုံးခဲ့ရသူများ၏ မိသားစုဝင်များနှင့် ဒဏ်ရာရသူများအား လျော်ကြေးငွေများပေးအပ်ရန် ဆင်းပြည်နယ်အစိုးရကို ညွှန်ကြားခဲ့သည်။

**ဆင်ဟွာ**

# ဆိုင်းနိုင်းကျွန်းဆွယ် စစ်ဆင်ရေးအတွင်း စစ်သွေးကြွ ၁၆ ဦးကို အသေဖမ်းဆီးရမိ

**ကိုင်ရို ဖေဖော်ဝါရီ ၁၂**
အီဂျစ်နိုင်ငံ ဆိုင်းနိုင်းကျွန်းဆွယ်မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် အီဂျစ်တပ်မတော်က ဖေဖော်ဝါရီ၉ရက်တွင် အကြမ်းဖက်မှု တိုက်ဖျက်ရေး စစ်ဆင်ရေးအတွင်း စစ်သွေးကြွ ၁၆ ဦးကို အသေဖမ်းဆီး ရမိပြီးလေးဦးကို ဖမ်းဆီးရမိခဲ့ကြောင်း ဖေဖော်ဝါရီ ၁၁ရက်တွင် ထုတ်ပြန်သည့် စစ်ဘက်ဆိုင်ရာ ကြေညာချက်တွင် ဖော်ပြသည်။ **(အောက်ပုံ)**

စစ်သွေးကြွများက စခန်းနှင့် ပုန်းခိုရာနေရာအဖြစ်အသုံးပြုနေသော ပစ်မှတ် ၆၆ ခုကို အီဂျစ်လေတပ်က စီးနင်းတိုက်ခိုက်ခဲ့ကြောင်း၊ စစ်သွေးကြွများ၏ မော်တော်ယာဉ် ၁၁ စီး၊ မော်တော်ဆိုင်ကယ် ၃၁ စီးနှင့် ဖောက်ခွဲရေးပစ္စည်း သိုလှောင်ရုံသုံးခုတို့ကို လေကြောင်းစီးနင်း တိုက်ခိုက်မှုအတွင်း ဖျက်ဆီးနိုင်ခဲ့ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

အကြမ်းဖက်ဝါဒ ဖယ်ရှားရေးအတွက် အီဂျစ်နိုင်ငံက နိုင်ငံတစ်ဝန်းတွင် အကြမ်းဖက်မှု ချေမှုန်းရေး စစ်ဆင်ရေးကို ဖေဖော်ဝါရီ ၉ ရက်တွင် စတင်ပြုလုပ်ခဲ့သည်။ အဆိုပါ အကြမ်းဖက်မှုနှိမ်နင်းသည့် စစ်ဆင်ရေးသည် ဆိုင်းနိုင်းကျွန်းဆွယ်၏ နယ်မြေအများအပြား၊ နိုင်းမြစ်ဝှမ်းဒေသ၊ အနောက်ဘက် သဲကန္တာရဒေသနှင့် လစ်ဗျားနိုင်ငံနှင့် ထိစပ်နေသည့် နယ်စပ်ဒေသအထိ လွှမ်းခြုံ ပါဝင်ကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူကပြောကြားသည်။

၂၀၁၇ ခုနှစ် နိုဝင်ဘာလအတွင်းက ဆိုင်းနိုင်းကျွန်းဆွယ်မြောက်ပိုင်းရှိ ဗလီဝတ်ကျောင်းတစ်ခုကို စစ်သွေးကြွများတိုက်ခိုက်မှုကြောင့် လူပေါင်း ၃၁၀ ခန့် သေဆုံးခဲ့ရပြီးနောက် သမ္မတအယ်လ်စီစီက အကြမ်းဖက်များကို အမြစ်ပြတ် ဖယ်ရှားရေးအတွက် စစ်ဘက်အား စစ်ဆင်ရေးဆောင်ရွက်စေခဲ့သည်။ အီဂျစ်စစ်ဘက်က ဆိုင်းနိုင်းကျွန်းဆွယ်တွင် နောက်ဆုံးပြုလုပ်သည့် တိုက်ခိုက်မှုမှာ အဆိုပါ စစ်ဆင်ရေး၏ အစိတ်အပိုင်း တစ်ရပ်ဖြစ်သည်။

၂၀၁၃ ခုနှစ်အတွင်းက အီဂျစ် ပြည်သူအများစုက ကြီးမားစွာ ဆန့်ကျင် ဆန္ဒပြမှုကြောင့် အစ္စလာမ့်စ်ဝါဒီခေါင်းဆောင် သမ္မတမော်စီရာထူးမှ နုတ်ထွက်ရပြီးချိန်ကတည်းက အီဂျစ် တပ်မတော်သည် အစ္စလာမ့်စ်နိုင်ငံတော် ထူထောင်ရေးအဖွဲ့(အိုင်အက်စ်)၏ အဖွဲ့ခွဲမှ စစ်သွေးကြွများ၏ အမာခံနယ်မြေဖြစ်သည့် ဆိုင်းနိုင်းကျွန်းဆွယ်၌ စစ်ဆင်ရေးများ ပြုလုပ်လာခဲ့သည်။

**ဆင်ဟွာ**



# နိုင်ငံတကာမြင်ကွင်း

## ရဲရင့်လင်းလက်

**(ယခင်အပတ်မှအဆက်)**

ပြောရရင် မကြာသေးခင်ကအထိ တရုတ်နိုင်ငံဟာ ခါရာတူးမြောင်းဟာ စီးပွားရေးအရ အကျိုးအမြတ်ရှိနိုင်တယ်ဆိုတဲ့ ယုံကြည်ချက်အပေါ် အခြေခံပြီး ထိုင်းကုမ္ပဏီတွေနဲ့ စကားပြောဆိုနေတဲ့ တရုတ်ကုမ္ပဏီတွေနဲ့ ခပ်ခွာခွာပဲနေခဲ့တာပါ။ ဒီလိုခပ်ခွာခွာ မသိသလို နေခဲ့တဲ့ ကိစ္စတွေထဲမှာ တရုတ်-ထိုင်း ခါရာတူးမြောင်း အခြေခံအဆောက်အအုံနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီက ရရှိခဲ့တဲ့ နားလည်မှုစာချွန်လွှာပါသလို ၂၀၁၅ ခုနှစ် မေလက ကွမ်ကျိုး(Guangzhon) မှာ Asia Union Group က လက်မှတ်ရေးထိုးခဲ့တဲ့ ခါရာတူးမြောင်း လေ့လာရေးသဘောတူညီချက်လည်း ပါပါတယ်။ Asia Times က ဘန်ကောက်မှာရှိတဲ့ တရုတ်သံရုံးကို ခါရာတူးမြောင်းနဲ့ ပတ်သက်တဲ့ တရားဝင်သဘောထားမှတ်ချက်ကို လှမ်းတောင်းတဲ့အခါမှာတော့ ဘာမျှမတုံ့ပြန်ခဲ့ပါဘူး။

ထိုင်းတူးမြောင်းအဖွဲ့အစည်း (TCA) ရဲ့ ထိပ်တန်းအဖွဲ့ဝင်တစ်ဦးဖြစ်သလို ခါရာတူးမြောင်းဖောက်လုပ်ဖို့ နှစ်ရှည်လများ ကြိုးပမ်းအားထုတ်ခဲ့တဲ့ ပက်ဒီတော်နယ်ပူရော့ (Pakdee Tanapura) ရဲ့ အဆိုအရ ခါရာတူးမြောင်း စီမံကိန်းမှာသာ တရုတ်နိုင်ငံပါဝင်လာခဲ့ရင် အတိတ်ကာလက ရင်ဆိုင်ခဲ့ရတဲ့ ဘဏ္ဍာရေးနဲ့ အင်ဂျင်နီယာ အခက်အခဲအားလုံးကို ကျော်လွှားသွားနိုင်တော့မှာပါ။ အင်ဂျင်နီယာဆိုင်ရာ အခက်အခဲဆိုတဲ့ ကိစ္စတွေထဲမှာ နျူကလီးယားဖောက်ခွဲမှုလုပ်ပြီး တူးမြောင်းတူးဖော်တာမျိုးလည်း ပါဝင်ပါတယ်။ ပက်ဒီတော်နယ်ပူရော့က တောင်တရုတ်ပင်လယ်ပြင်မှာ ကျွန်းတုတည်ဆောက်ခဲ့တဲ့ လောင်းဟောက် (Longhao Co.,Ltd)က ခါရာတူးမြောင်း တူးဖော်ရေးကို စိတ်ဝင်စားတယ်လို့ ဆိုပါတယ်။ လောင်းဟောက်ကုမ္ပဏီရဲ့ အစီအစဉ်ကတော့ တူးမြောင်းရဲ့ အဝင် အထွက်ပေါက်ဖြစ်တဲ့ ထိုင်းပင်လယ်ကွေ့နဲ့ အက်ဒမန်ပင်လယ်တွေမှာ ကျွန်းတုတစ်ခုစီ တည်ဆောက်သွားမှာပါ။ ခါရာတူးမြောင်းရဲ့ လုံခြုံရေးဆိုင်ရာ ရှုထောင့်တွေကို လေ့လာသုံးသပ်နေတဲ့ သံတမန်တစ်ဦးကတော့ တခြားသော ဟောင်ကောင်နဲ့ မကာအို ဆောက်လုပ်ရေးကုမ္ပဏီတွေကလည်း ထိုင်းဘုရင့်နန်းတော် ကိုယ်စားလှယ်တော်နဲ့ တွေ့ပြီး သူတို့ ခါရာတူးမြောင်းကိစ္စကို စိတ်ဝင်စားတဲ့အကြောင်း တင်ပြခဲ့တယ်လို့ ပြောဆိုခဲ့ပါတယ်။



ပစ္စုပ္ပန်ကာလမှာ ကုန်သွယ်ရေကြောင်းသွားလာမှုတွေ အဓိကပြုလုပ်နေတဲ့ မလက်ကာရေလက်ကြားကတစ်ဆင့် ပြုလုပ်ရတဲ့ အရှေ့-အနောက် ကုန်သွယ်လမ်းကြောင်း ခရီးအကွာအဝေးနဲ့ နှိုင်းယှဉ်လိုက်ရင် ခါရာတူးမြောင်းကတစ်ဆင့် ပြုလုပ်ရတဲ့ အရှေ့-အနောက် ကုန်သွယ်လမ်းကြောင်း ခရီးအကွာအဝေးဟာ ကီလိုမီတာ ၁၂၀၀ လောက်ကို သက်သာသွားမှာပါ။ ပြောရရင် မလက်ကာ ရေလက်ကြားဟာ ကမ္ဘာ့ကုန်သွယ်ရေကြောင်းသွားလာမှု အများဆုံးဒေသတစ်ခုဖြစ်ပြီး ကမ္ဘာ့ကုန်သွယ်မှု ပမာဏရဲ့ ၃၀ ရာခိုင်နှုန်းဟာ နှစ်စဉ် မလက်ကာ ရေလက်ကြားကတစ်ဆင့် ကူးသန်းကုန်သွယ်နေရတာပါ။ သင်္ဘောအရေအတွက်နဲ့ ပြောမယ်ဆိုရင် မလက်ကာ ရေလက်ကြားကို နှစ်စဉ် ဖြတ်သန်းသွားလာနေတဲ့ သင်္ဘောအရေအတွက်ဟာ ၈၄၀၀၀ လောက်ကို ရှိပါတယ်။

တစ်နှစ် သင်္ဘောအရေအတွက် ၈၄၀၀၀ ဆိုတဲ့ ကိန်းဂဏန်း ပမာဏဟာ မလက်ကာရေလက်ကြားက ခွင့်ပြုပေးနိုင်မယ့် ပမာဏဘောင်ထဲမှာပဲ ရှိပါသေးတယ်။ ဒါပေမယ့် ကမ္ဘာ့ဘဏ်ရဲ့ ခန့်မှန်းတွက်ချက်မှုအရ နောက်ဆယ်စုနှစ်တစ်ခုအတွင်းမှာ မလက်ကာရေလက်ကြားကတစ်ဆင့် နှစ်စဉ် ဖြတ်သန်းသွားလာမယ့် သင်္ဘောအရေအတွက်ဟာ ၁၄၀၀၀၀ အထိ ရောက်လာမှာပါ။ ဒီကိန်းဂဏန်း အရေအတွက် ရောက်လာပြီဆိုရင် မလက်ကာရေလက်ကြားမှာ ပြဿနာတွေကို ရင်ဆိုင်ရတော့မှာပါ။ မလက်ကာ ရေလက်ကြားက အများဆုံး ခွင့်ပြုပေးနိုင်တဲ့ သင်္ဘောအရေအတွက်ဟာ ၁၂၀၀၀၀ ပဲ ရှိတာပါ။ မလက်ကာရေလက်ကြားကတစ်ဆင့် အရှေ့- အနောက်ကူးသန်းသွားလာနေတဲ့ သင်္ဘောအများစုဟာ ကျွန်းနိုင်ငံဖြစ်တဲ့ စင်ကာပူမှာ ဝင်ရောက်ဆိုက်ကပ် ဆီဖြည့်ကြတာမို့လို့ ခါရာတူးမြောင်း စီမံကိန်းသာ အကောင်အထည်ဖော်ဖြစ်ခဲ့ရင် ဆုံးရှုံးမှုအများဆုံး ကြုံတွေ့ရမယ့် နိုင်ငံဟာ စင်ကာပူနိုင်ငံပါ။ ရှန်ဟိုင်း ဂျော်တောင်တက္ကသိုလ် (Jiao Tong University) ရဲ့ ပင်လယ်ရေကြောင်း ကူးသန်းသွားလာရေးကျွမ်းကျင်သူ ဂျင်ဆောင်းဂျောက် (Jinsong Zhao) က ခါရာတူးမြောင်းသာ တူးဖော်နိုင်ခဲ့ရင် ထိုင်းနိုင်ငံဟာ မြန်ဆန်သွက်လက်တဲ့ ကမ္ဘာ့ကုန်သွယ်ရေကြောင်း ဖြစ်ပေါ်ရေးရဲ့ တတိယအဆင့် တော်လှန်ရေးမှာ ဗဟိုအချက်အချာဒေသ ဖြစ်လာမှာပါ။ နည်းပညာတိုးတက်မှုတွေအရ အင်တာနက် အခြေခံစီးပွားရေး တိုးတက်လာတာမို့လို့ မှာယူထားတဲ့ ကုန်ပစ္စည်းတွေကို စားသုံးသူလက်ထဲ ပို၍ပို၍ မြန်မြန်ဆန်ဆန် ပေးပို့နိုင်ရေးဟာ အရေးကြီးတဲ့ လိုအပ်ချက်ဖြစ်လာပါတယ်။ ဒီအရေးကြီးတဲ့ လိုအပ်ချက် ဖြည့်ဆည်းပေးရေးမှာ မလက်ကာ ရေလက်ကြားဟာ အဟန့်အတား၊ အခက်အခဲတစ်ခု ဖြစ်လာပါတယ်။

ပြီးခဲ့တဲ့ စက်တင်ဘာလက ဘန်ကောက်မြို့မှာ ပြုလုပ်ခဲ့တဲ့ သတင်းစာရှင်းလင်းပွဲမှာ ဂျင်ဆောင်းက "ကျွန်တော့် မိတ်ဆွေထိုင်းလူမျိုးတွေကို ပြောချင်ပါတယ်၊ ဒီစီမံကိန်းကို အချိန်ဆွဲပြီး အဖိုးတန်တဲ့ အချိန်တွေကို မဖြုန်းပါနဲ့တော့၊ ကျွန်တော်တို့မှာ နည်းပညာရှိတယ်၊ ကျွန်တော်တို့မှာ စွမ်းပကားရှိတယ်၊ ကျွန်တော်တို့မှာ ဘဏ္ဍာငွေရှိတယ်၊ ဒီစီမံကိန်းဖြစ်မြောက်အောင် ကျွန်တော်တို့ ကူညီချင်ပါတယ်၊ ဒီစီမံကိန်းဟာ ထိုင်းနိုင်ငံအတွက်သာမကဘဲ အာရှဒေသနဲ့ တစ်ကမ္ဘာလုံးအတွက်ပါ အကျိုးရှိစေမှာပါ"လို့ ပြောဆိုခဲ့တာပါ။ ဂျင်ဆောင်းရဲ့ သုံးသပ်ချက်အရ ခါရာတူးမြောင်းစီမံကိန်း အကောင်အထည်ဖော်ဖို့ နောက်ထပ် နှစ် ၂၀ ကြာမှသာ ဆုံးဖြတ်ခဲ့ရင် တရုတ်နိုင်ငံရဲ့ ခါရာတူးမြောင်းစီမံကိန်းအပေါ် ထောက်ခံမှုဟာ ကုန်ခန်းသွားနိုင်ပါတယ်။ ဂျင်ဆောင်းရဲ့ ဒီသုံးသပ်ချက်မှန်၊ မမှန်ပြောဖို့က မလွယ်ပါဘူး။ ပြောမယ်ဆိုရင် တရုတ်နိုင်ငံက တင်သွင်းနေတဲ့ လောင်စာဆီရဲ့ ၈၀ ရာခိုင်နှုန်းကို မလက်ကာ ရေလက်ကြားကတစ်ဆင့် တင်သွင်းနေရတာပါ။ ဒါကြောင့် မလက်ကာ ရေလက်ကြားဟာ စင်ကာပူနဲ့ အင်ဒိုနီးရှားနိုင်ငံကြားက မဟာဗျူဟာမြောက် ရေလက်ကြားပါ။ စစ်ပွဲသာ ဖြစ်ပွားခဲ့ရင် သူ့နိုင်ငံရဲ့ စင်ကာပူကို ဝင်နိုင်၊ ထွက်နိုင်တဲ့ အနေအထားကို အားပြုပြီး အမေရိကန်ရေတပ်ဟာ မလက်ကာရေလက်ကြားကို ပိတ်ဆို့ထားနိုင်တဲ့ အနေအထားမျိုးရှိပါတယ်။

ဒီနေရာမှာ တရုတ်နိုင်ငံက ခါရာတူးမြောင်း တူးဖော်ရေးအပေါ် စိတ်ဝင်စားလာတာနဲ့ တိုက်ဆိုင်နေတဲ့ တချို့အချက်တွေကို သတိပြုဖို့ လိုလာပါတယ်။ တစ်ခုတည်းသော ရပ်ဝန်း၊ တစ်ခုတည်းသောလမ်းကြောင်း (OBOR) နဲ့ ပင်လယ်ဆိပ်ကမ်းစီမံကိန်းတချို့ မရေမရာ ဖြစ်နေချိန်မှာ တရုတ်နိုင်ငံက ခါရာတူးမြောင်းစီမံကိန်းကို စိတ်ဝင်စားလာတာပါ။ အစောပိုင်းက တင်ပြခဲ့သလို တရုတ်နိုင်ငံဟာ သူ့နိုင်ငံ လောင်စာဆီ လိုအပ်ချက်ရဲ့ ၈၀ ရာခိုင်နှုန်းကို မလက်ကာ ရေလက်ကြားက တင်သွင်းနေရတဲ့ အားနည်းချက်ကို ကျော်လွှားနိုင်ဖို့ ကျောက်ဖြူအပါအဝင် သီရိလင်္ကာနဲ့ ပါကစ္စတန်နိုင်ငံတွေမှာ ဆိပ်ကမ်းအဆောက်အအုံတွေကို တိုးချဲ့တည်ဆောက်ဖို့ ကြံစည်နေတာပါ။ ကျောက်ဖြူရေနက်ဆိပ်ကမ်းဟာ တရုတ်နိုင်ငံရဲ့ ကုန်တွင်းပိတ် တောင်ပိုင်းပြည်နယ်တွေအတွက် ရေနံနဲ့ သဘာဝဓာတ်ငွေ့တွေတင်ပို့ပေးဖို့ အင်မတန် အသုံးဝင်မှာပါ။

ခါရာတူးမြောင်းကိုသာ တူးဖော်နိုင်ခဲ့ရင် အာရှတိုက်ရဲ့ ကုန်သွယ်ရေကြောင်း မဟာဗျူဟာ ချိန်ခွင်လျှာကို ပြောင်းလဲသွားစေမှာပါ။ လက်ရှိအနေအထားအရဆိုရင် အမေရိကန်နိုင်ငံဟာ မလက်ကာ ရေလက်ကြားကို စိုးမိုးထားနိုင်တဲ့အတွက် ပင်လယ်ပြင်ဆိုင်ရာ မဟာဗျူဟာအနေအထားမှာ အမေရိကန်နိုင်ငံက တရုတ်နိုင်ငံအပေါ် အပေါ်စီးရနေပါတယ်။ ခါရာတူးမြောင်းသာ တူးဖော်နိုင်ခဲ့ရင် တရုတ်နိုင်ငံအပေါ် အမေရိကန်နိုင်ငံရဲ့ အသာစီးရယူထားတဲ့ အနေအထားဟာ ပြောင်းလဲသွားနိုင်ပါတယ်။ ဒါပေမယ့် Asia Times က ဆက်သွယ်မေးမြန်းခဲ့တဲ့ အမေရိကန် အရာရှိတစ်ဦးရဲ့ ခန့်မှန်းသုံးသပ်ချက်အရကတော့ ခါရာတူးမြောင်းစီမံကိန်းအပေါ် တရုတ်နိုင်ငံက ဘယ်လိုပဲစိတ်ဝင်စားစား ခါရာတူးမြောင်းကို အလျင်စလို အကောင်အထည်ဖော်မယ့် အလားအလာကတော့ မရှိသေးပါဘူး။ အာရှဒေသတွင်း အမေရိကန် စစ်ဘက်ရေးရာကိစ္စတွေကို ကျွမ်းကျင်တဲ့ တစ်သီးပုဂ္ဂလသုံးသပ်သူတစ်ဦးကတော့ အမေရိကန် စစ်ဌာနချုပ်ရဲ့ တွေးပုံတွေးနည်းကို ရှင်းပြခဲ့ပါတယ်။ ဒီပုဂ္ဂိုလ်ရဲ့ တင်ပြချက်အရ ပြောရရင် ခါရာတူးမြောင်းတူးဖော်ဖြစ်ခဲ့ရင်လည်း အမေရိကန်-တရုတ် စစ်ရေးပဋိပက္ခသာ ဖြစ်ပွားတဲ့အခါ အမေရိကန်နိုင်ငံအဖို့ မလက်ကာရေလက်ကြားအပြင် ခါရာတူးမြောင်းကိုပါ ပိတ်ဆို့ရရုံကလွဲလို့ အခြားအခိပ္ပာယ်မရှိနိုင်ပါဘူးလို့ ပြောဆိုခဲ့ပါတယ်။

ဗိုလ်ချုပ်ကြီး ဆိုင်းရက်ကာ့ဒ်ဖော်ရဲ့ အယူအဆကတော့ တရုတ်နိုင်ငံဟာ ရေတပ်အင်အားမှာ အမေရိကန်နိုင်ငံနဲ့ နှိုင်းယှဉ်ရင် နိမ့်နေတဲ့အချိန်မှာ ခါရာတူးမြောင်းစီမံကိန်းကို စိတ်မဝင်စားဘဲ နေလို့မရဘူးဆိုတဲ့ အတွေးမျိုးပါ။ ဒီလိုအနေအထားမျိုးမှာ တရုတ်နိုင်ငံဟာ ပင်လယ်ရေကြောင်းသွားလာရေးဆိုင်ရာ အားသာချက်တွေကြောင့် ခါရာတူးမြောင်း စီမံကိန်းအပေါ် ထိုင်းနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို အမှန်တကယ်လိုလားတဲ့ မဟာမိတ်နိုင်ငံ တစ်နိုင်ငံအနေနဲ့ ထောက်ခံအားပေးသွားမှာပါ။ တစ်ဖက်မှာလည်း စစ်ဗိုလ်ချုပ်ကြီးတွေ ဦးဆောင်တဲ့ လက်ရှိ ထိုင်းအစိုးရလက်ထက်မှာ ထိုင်း-အမေရိကန် ဆက်ဆံရေး အားပျော့လာတာဟာ တရုတ်နိုင်ငံအတွက် အခွင့်အလမ်းတစ်ရပ်လို ဖြစ်နေပါတယ်။ ခါရာတူးမြောင်းတူးဖော်ရေးစီမံကိန်းအပေါ် ထိုင်းနိုင်ငံရဲ့ ရပ်တည်ချက်အနေအထားကို သုံးသပ်ကြည့်ရင် ဒီစီမံကိန်းအတွက် တရုတ်နိုင်ငံနဲ့ ပြောဆိုဆွေးနွေးပေမယ့် တစ်ဖက်မှာလည်း ခါရာတူးမြောင်းစီမံကိန်းကို ထောက်ခံအားပေးမယ့် နိုင်ငံတကာ အင်အားစုတစ်ရပ်ပေါ်ထွက်လာအောင် ပြောဆိုဆွေးနွေးနေတာပါ။ ဒီလုပ်ရပ်ရဲ့ ရည်ရွယ်ချက်ကတော့ ရှင်းပါတယ်။ ခါရာတူးမြောင်း စီမံကိန်းအပေါ် တရုတ်တစ်နိုင်ငံတည်းက လက်ဝါးကြီး မအုပ်နိုင်ရေးပါ။

***(ဆက်လက်ဖော်ပြပါမည်)***





# မြန်မာ့ မြန်မာ့ ရုပ်ရှင်

**■ ဝေယံမောင်**

ဖန်တီးမှုအနုပညာများစွာရှိသည့်အနက် ရုပ်ရှင်သည် ကျွန်တော်နှစ်သက်စွဲလမ်းရသည့် အရာတစ်ခုဖြစ်၏။ ကလေးဘဝ၊ လူငယ်ဘဝ၊ ကျောင်းသားဘဝ တစ်လျှောက်လုံးတွင် ကျွန်တော်နှင့်အမြဲ မကွဲမကွာရှိနေသည်က ရုပ်ရှင်ကြည့်ခြင်းအလေ့အထ။

မိဘတွေက ဝန်ထမ်းများဖြစ်သည်မို့ ပြောင်းသည့်နေရာလိုက်ပါရင်း ထိုဒေသများရှိ ရုပ်ရှင်ရုံများသည် ကျွန်တော် ကြိမ်ဖန်များစွာ ရောက်ရှိတတ်သော ဒုတိယအိမ်များသဖွယ် ဖြစ်ခဲ့ပါသည်။

ကျွန်တော်တို့ ရုပ်ရှင်ဘယ်လောက်ကြိုက်သလဲ၊ ရုပ်ရှင်ဘယ်လောက်ကြည့်သလဲဟု မေးလျှင် ယခုတိုင် သက်ရှိထင်ရှားရှိနေသေးသည့် ကျွန်တော်တို့အဖေ ပြုံးမိလိမ့်မည်။

ကားလဲတိုင်း ကြည့်သည်၊ ကားကလည်း အပတ်စဉ်နီးပါး လဲသည်။ စာမေးပွဲများ ဖြေသည့်ကာလများ (ထိုစဉ်က ပထမအစမ်း၊ ဒုတိယအစမ်း၊ အတန်းတင်စာမေးပွဲဟူ၍ သုံးကြိမ် ခွဲခြားဖြေဆိုရသည့်ကာလ)တွင် စာကျက်ရန် မလိုသည့် သင်္ချာဖြေမည့်နေ့များတွင် ထိုနေ့မတိုင်ခင်ညများတွင် အဖေက ရုပ်ရှင်ပေးကြည့်သည်အထိ ကျွန်တော်တို့ ရုပ်ရှင်ဝါသနာက ကြီးလှသည်။

ကျွန်တော်တင်ပဲလားဆိုတော့ မဟုတ်ပါ။ ယခုအသက်(၄၀)ကျော် (၅၀)ကျော်တန်း ရောက်နေသည့် လူလတ်တန်း၊ အသက်(၆၀)တန်း ရောက်နေသည့် လူကြီးတန်းအများစုသည်လည်း ဤနည်းနှင်နှင် ရုပ်ရှင်ကို နှစ်ခြိုက်ကြသူများ။

ထို့ကြောင့်လည်း ရုပ်ရှင်အပါအဝင် စာပေ၊ ဂီတ၊ သဘင် စသည့်အနုပညာများသည် လူ့အဖွဲ့အစည်းတိုင်းကို လွှမ်းမိုးမှု၊ သြဇာသက်ရောက်မှုကြီးမားသော ပညာရပ်များအဖြစ် အသိအမှတ်ပြုနေကြရခြင်းဖြစ်မည်ဟု ထင်မြင်မိပါသည်။

**ယနေ့ မြန်မာ့ရုပ်ရှင်**

ကျွန်တော်တို့ လူလတ်တန်းစား အရွယ်ရောက်ချိန်မှာတော့ ရုပ်ရှင်ကားများ ထွက်ရှိမှုနည်းသွားတာ မှတ်မှတ်ထင်ထင် သတိထားမိပါသည်။ အဓိကပြဿနာဖြစ်သည့် ဖလင်ရှားပါးလာမှုနှင့်အတူ ရုပ်ရှင်ရိုက်ကူးထုတ်လုပ်မှုများ နည်းပါးလာခဲ့သည်။ သို့သော် ရုပ်ရှင်ထက် စရိတ်သက်သာသည့် ဗီဒီယိုကားထုတ်လုပ်မှုများဖြင့် ယင်းပြဿနာကို ဖြေရှင်းနိုင်ခဲ့သည်ဟု ဆိုရပါမည်။

အချို့ကလည်း တင်းကျပ်လွန်းသော ဆင်ဆာစနစ်ကြောင့်ဟု မြင်ကြသည်။ ဤအချက်သည် တစ်ချက်အပါအဝင် ဖြစ်ကောင်းဖြစ်နိုင်သော်လည်း အဓိကအချက်တော့မဟုတ်ဟု ကျွန်တော်ထင်သည်။ အဘယ်ကြောင့်ဆိုသော် ဆင်ဆာစနစ်မှာ အင်္ဂလိပ်တို့ အုပ်ချုပ်စဉ် ၁၉၃၅ - ၁၉၃၆ ခုနှစ်များကပင် ရုပ်ရှင်စစ်ဆေးရေးဆင်ဆာအဖွဲ့ကို စတင်ဖွဲ့စည်းခဲ့ရာမှ အစပြု၍ ၁၉၅၄ ခုနှစ် ပါလီမန် ဒီမိုကရေစီအစိုးရလက်ထက်တွင် Burma Board of Censors၊ ၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီအစိုးရလက်ထက်တွင် ရုပ်ရှင်ဥပဒေ၊ ၁၉၉၆ ခုနှစ် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့လက်ထက်တွင် ရုပ်ရှင်ဥပဒေ စသဖြင့် ခေတ်အဆက်ဆက်တွင် ရှိခဲ့သည့်စနစ် ဖြစ်ပါသည်။ ထိုသို့ ဆင်ဆာစနစ်ရှိခဲ့သော်လည်း ၁၉၈၀ ပြည့်နှစ်ဝန်းကျင်ကာလများက တစ်နှစ် တစ်နှစ် ဇာတ်ကားပေါင်း ရာကျော် ထုတ်လုပ်ပြသနိုင်ခဲ့ပြီး ထိုစဉ်က မြန်မာ့ရုပ်ရှင် ထူးချွန်ဆုဟုခေါ်သော အကယ်ဒမီပေးပွဲများသည် ပြည်သူတစ်ရပ်လုံး၏ စိတ်နှလုံးကို အထူးဖမ်းစားနိုင်ခဲ့ကြပါသည်။

**ရုပ်ရှင်လောကဖွံ့ဖြိုးဖို့ဆိုလျှင်**

ရုပ်ရှင်လောကသားများက မြန်မာ့ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်စေချင်၏။ နိုင်ငံတော်အစိုးရကလည်း ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်စေချင်ပါ၏။ ပြည်သူများကလည်း ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ပြီး အဆင့်အတန်းမီရိုက်ကူးထားသည့် မြန်မာရုပ်ရှင်ကားစစ်စစ်များကို အားပေးလိုကြ၏။ အားလုံး၏ မျှော်လင့်ချက်များက တူညီနေကြပါသည်။

ထို့ကြောင့်လည်း ကြုံတွေ့နေရသည့် အခက်အခဲများကို အဖြေရှာကြဖို့ တာဝန်ရှိသူများက တွေ့ဆုံညှိနှိုင်းမှုတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေ၊ ဖိုရမ်တွေ ကျင်းပကြသလို တစ်ဖက်တွင်လည်း ရုပ်ရှင်လောက အရှည်တည်တံ့ဖွံ့ဖြိုးရေးအတွက် မရှိမဖြစ်လိုအပ်သည့် ရုပ်ရှင်ဥပဒေ ထွက်ပေါ်လာရေးကို ကြိုးပမ်းနေကြခြင်းဖြစ်ပါသည်။

**ဥပဒေသည်သာ အခရာ**

တည်ဆဲရုပ်ရှင်ဥပဒေနှင့် ဆက်စပ်ဥပဒေဖြစ်သည့် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေတို့က ၁၉၉၆ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် ဥပဒေများဖြစ်ပါသည်။ ရုပ်ရှင်လောကသားများ ထောက်ပြဝေဖန်နေသော တင်းကျပ်သည့် ဆင်ဆာမူဝါဒများသည် ထိုဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များတွင် ပါဝင်နေပါသည်။ ထိုစဉ်က အခြေအနေများအရ ပြဋ္ဌာန်းခဲ့သောအချက်များက လက်ရှိ ခေတ်စနစ်နှင့် မကိုက်ညီတော့ပါ။ ခေတ်ကာလနှင့် လျော်ညီသည့် ရုပ်ရှင်ဥပဒေအသစ် ပြဋ္ဌာန်းပြီး ယင်းဥပဒေများကို အပြီးတိုင်ဖျက်သိမ်းခြင်းသည်သာ အကောင်းဆုံးနည်းလမ်းဖြစ်ပါသည်။

ပြဋ္ဌာန်းမည့် ဥပဒေသစ်သည် ရုပ်ရှင်လောကသားများ၏ အကျိုး၊ ရုပ်ရှင်ကြည့်ပရိသတ်ဖြစ်သော ပြည်သူပြည်သားတို့၏ အကျိုး၊ ရုပ်ရှင်လောကအကျိုးတို့ကို ဦးတည်ပြီး ခေတ်မီမီ ကမ္ဘာကြည့် ကြည့်မြင်နိုင်ရန် လိုအပ်လှပါသည်။ ခိုင်မာသောအဖွဲ့အစည်းတစ်ခုအဖြစ် ရေရှည်ရပ်တည်ဖွံ့ဖြိုးရေးအတွက် ရေသောက်မြစ်ပမာ အဓိက အခရာကျသောအချက်သည် ဥပဒေပြဋ္ဌာန်းနိုင်ရေးသာ ဖြစ်ပါသည်။

ဥပဒေမထွက်နိုင်ခင်ကြား ဘယ်အရာများ လုပ်နိုင်သည်၊ လက်ရှိတည်ဆဲဥပဒေနှင့် ဥပဒေအသစ်မထွက်ပေါ်မီကြားကာလလုပ်နိုင်တာ ဘာမှမရှိတော့ဟူ၍ လက်မှိုင်ချနေရန် မဟုတ်ပါ။

> ပြဋ္ဌာန်းမည့် ဥပဒေသစ်သည် ရုပ်ရှင်လောကသားများ၏ အကျိုး၊ ရုပ်ရှင်ကြည့်ပရိသတ်ဖြစ်သော ပြည်သူပြည်သားတို့၏ အကျိုး၊ ရုပ်ရှင်လောက အကျိုးတို့ကို ဦးတည်ပြီး ခေတ်မီမီ ကမ္ဘာကြည့် ကြည့်မြင်နိုင်ရန် လိုအပ်လှပါသည်။ ခိုင်မာသောအဖွဲ့ အစည်းတစ်ခုအဖြစ် ရေရှည် ရပ်တည်ဖွံ့ဖြိုးရေးအတွက် ရေသောက်မြစ်ပမာ အဓိက အခရာကျသော အချက်သည် ဥပဒေ ပြဋ္ဌာန်းနိုင်ရေးသာ ဖြစ်ပါသည်။

နည်းပညာတိုးတက်မှုကြောင့် အခြားဖျော်ဖြေမှုများကြားဝယ် ရုပ်ရှင်ပရိသတ် လျော့ပါးသွားမည်လားဟူ၍ စိုးရိမ်နေရန်လည်း မလိုပါ။

ရုပ်ရှင်ကို ရုပ်ရှင်လို ကြည့်ချင်သည့် လူသားများစွာ ကမ္ဘာတစ်ဝန်း ထုနှင့် ထည်နှင့် ရှိနေပါသေးသည်။ အနုပညာရသမြောက်စွာ ဖန်တီးထားသည့်ဇာတ်ကားများကို စောင့်မျှော်နေကြပါသည်။ ရုပ်ရှင်ရုံများတွင် ဇာတ်ကားကောင်းများတင်ပါက တိုးမပေါက် ရုံပြည့်ရုံလျှံ အားပေးတတ်သည့် မြန်မာပြည်သူများ၏ ရုပ်ရှင်အာသီသက ပြင်းပြနေပါသေးသည်။

ဒီအခြေအနေကိုသိပြီး အခက်အခဲများကြားက ရုန်းကန်ကြိုးစားနေသည်ကိုလည်း ယခုကာလအတွင်းမှာပင် တွေ့မြင်နေရပါသည်။ ရုပ်ရှင်များ တိုးချဲ့ရိုက်ကူးလာကြသည်။ ယခင်လို Film စနစ်မဟုတ်ဘဲ Digital Cinema Package မို့ အရည်အသွေးကလည်း ပိုမိုကောင်းမွန်လှပါသည်။ ကြိုးပမ်းမှုရလဒ်က ၂၀၁၂ ခုနှစ်က တစ်နှစ်လုံး ၁၇ ကားခန့်သာ ထုတ်လုပ်နိုင်ခဲ့ရာမှ ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်တွင် ရုပ်ရှင်ကားပေါင်း ၁၅၉ ကားအထိ ရိုက်ကူးထုတ်လုပ်နိုင်လာခဲ့ပါသည်။

ကျွဲကူးရေပါဆိုသလို ခေတ်စနစ်အခြေအနေအရ လျော့နည်းခဲ့ရသော ရုပ်ရှင်ရုံများကို တိုးချဲ့တည်ဆောက်နေကြပြီး ဆယ်ဂဏန်းအရေအတွက်မှ ရာဂဏန်းအရေအတွက်သို့ တိုးလာသည်၊ ဆောင်ရွက်ဆဲစီမံကိန်းများလည်း ရှိနေပါသည်။ မြန်မာ့ရုပ်ရှင် ပြန်လည်ဦးမော့စပြုလာပြီဖြစ်ပါသည်။

**ဘာကြောင့် ပြန်လည်ဦးမော့လာ**

အဖြေက ရှင်းပါသည်။ တာဝန်ရှိသူများ၏ တာဝန်သိစိတ်ဖြင့် ကြိုးပမ်းအားထုတ်မှုများကြောင့်ပင် ဖြစ်ပါသည်။ ကြိုးပမ်းအားထုတ်မှုများတွင် ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် ကျင်းပခဲ့သော ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်မှုဖိုရမ်၏ အသီးအပွင့်များလည်း အပါအဝင်ဟု ဆိုချင်ပါသည်။ အဆိုပါဖိုရမ်တွင် အစိုးရအဖွဲ့၊ လွှတ်တော်များမှ တာဝန်ရှိသူများ၊ ရုပ်ရှင်လောကသားများ၊ အတတ်ပညာရှင်များ တက်ရောက်ဆွေးနွေးခဲ့ကြသည်။ ကြုံတွေ့နေရသည့် အခက်အခဲများ ပြဿနာများ၏ ဇာစ်မြစ်များကို ဖော်ထုတ်ခဲ့ကြပါသည်။

စည်းမျဉ်း၊ စည်းကမ်းတွေ အားနည်းနေတာ ထောက်ပြကြသည်။ ပြည့်စုံကောင်းမွန်သော ရုပ်ရှင်ဥပဒေ မထွက်နိုင်သေး၊ အသုံးမပြုနိုင်သေးတာ မြင်လာကြသည်။ တည်ဆဲရုပ်ရှင်နှင့် ဆက်စပ်ဥပဒေများ ခေတ်နှင့်ဆီလျော်မှု မရှိတော့ခြင်းကြောင့် ပယ်ဖျက်ရမည်ကို နားလည်လာကြသည်။ ရုပ်ရှင်ရုံလိုအပ်ချက်တွေ တွေ့လာကြသည်။ ရုပ်ရှင်လောကသားအတွက် မရှိမဖြစ်သော စတူဒီယိုများ၏ အခန်းကဏ္ဍကို ဖော်ထုတ်လာကြသည်။ ရုံတင်ပြသမှုစနစ်၏ အားသာချက်၊ အားနည်းချက်များကိုလည်း အဖြေရှာကြသည်။

အဆိုပါအကြောင်းခြင်းရာများက ကာလအကန့်အသတ်နှင့် လုပ်နိုင်သည်များ ရှိသလို ရေရှည်လုပ်ငန်းစဉ်အဖြစ် ဆောင်ရွက်သွားရမည်များလည်း ပါသည်။ ယင်းတို့ကို ကုစားနိုင်သည်နှင့်အမျှ ဆုတ်ယုတ်မှုများကျဆင်းလာပြီး တိုးတက်မှုများ မြင့်မားလာမည့်သဘော။

ယင်းအခက်အခဲများကို ရုပ်ရှင်လောကသားများ အပါအဝင် သက်ဆိုင်သူအဖွဲ့အစည်းများက ကိုယ်နိုင်ရာကိုယ့်အစွမ်းနှင့် ကြိုးပမ်းအကောင်အထည်ဖော်ခဲ့မှုများကြောင့်လည်း ၂၀၁၇ ခုနှစ်၏ မြန်မာရုပ်ရှင်အခြေအနေသည် သိသိသာသာ ထင်ထင်ရှားရှား တိုးတက်မှုပုံရိပ်များ ဖြစ်ပေါ်လာခဲ့ခြင်းမဟုတ်ပါလော။

**ရှေ့ဆက်ဆောင်ရွက် မျှော်လင့်ချက်**

၂၀၁၈ ခုနှစ်တွင်လည်း မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများကို ဆင်ဆာစနစ်၊ ရုပ်ရှင်ဥပဒေ၊ မြန်မာ့ရုပ်ရှင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ရိုက်ကူးရေးနည်းပညာ၊ ရုပ်ရှင်ရုံများအရေး စသည့် အကြောင်းအရာ ငါးခုဖြင့် တစ်ခုချင်းစီ ဆွေးနွေးသွားကြမည်ဟု သိရပါသည်။

ပထမဆုံး အလုပ်ရုံဆွေးနွေးပွဲကို ယခုနှစ် ဖေဖော်ဝါရီ ၃ ရက်က ကျင်းပခဲ့ရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ ရုပ်ရှင်အစည်းအရုံး နာယကကြီးများနှင့် ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ၊ အမှုဆောင်များ၊ ရုပ်ရှင်လောကသားများ တက်ရောက်ခဲ့ကြသည်။ ပြည်ပပညာရှင်များပါ ဖိတ်ခေါ်၍ စာတမ်းများလည်း ဖတ်ကြားလေရာ အကျိုးရှိသည့် ဆွေးနွေးပွဲတစ်ခုဖြစ်ခဲ့ကြောင်း ကိုယ်တိုင်တက်ရောက်ခဲ့ရသလို သတင်းများအရလည်း ကြားသိရပါသည်။

**ရှိသည်ကို လက်ခံ၊ သို့သော် လျှော့ချရန် လိုသေးသည့် ဆင်ဆာ**

ယခုတည်ဆဲရုပ်ရှင်ဥပဒေအရ ဖြစ်တည်လာသည့် ဆင်ဆာစနစ်သည် တင်းကျပ်လွန်းသည်မှာ အမှန်ပင်ဖြစ်ပါသည်။ သို့သော် တာဝန်ရှိသည့် ပြန်ကြားရေးဝန်ကြီးဌာန၊ ရုပ်ရှင်ဆင်ဆာအဖွဲ့၊ ရုပ်ရှင်လောကသားများကို ကိုယ်စားပြုသည့် ရုပ်ရှင်အစည်းအရုံးတို့က ဒီအခက်အခဲကို နည်းမှန်လမ်းမှန်နှင့် မည်သို့ကျော်လွှားနိုင်မည်ကို ညှိနှိုင်းဆွေးနွေး စုပေါင်းအဖြေရှာသွားရမည် ဖြစ်ပါသည်။

ထို့ကြောင့်လည်း ဆင်ဆာနှင့်ပတ်သက်သည့် ကိစ္စကို အကြောင်းအရာတစ်ခုအဖြစ် သတ်မှတ်ကာ စုပေါင်းဆွေးနွေး အဖြေရှာကြခြင်းဖြစ်ပါသည်။

တည်ဆဲဥပဒေ၊ သူ့အမြင်၊ ကိုယ့်အမြင်၊ အိမ်နီးချင်းနိုင်ငံများ၏ ဆောင်ရွက်မှု၊ နိုင်ငံတကာတွင် အများစုကျင့်သုံးနေကြသည့် ရုပ်ရှင်ဆင်ဆာစနစ် စသည်တို့ကို ဆွေးနွေးကြ၏။

ယခုဆွေးနွေးမှုက စကားရည်လုပွဲမဟုတ်၊ အချေအတင် အငြင်းပွားဖို့မဟုတ်၊ ဆုံမှတ်တစ်ခုသို့ မတူညီသော ရှုထောင့်များမှ အတူတကွသွားနိုင်ရေး ရည်မှန်းဆောင်ရွက်သည့်ပွဲ။

ရုပ်ရှင်လောကသားများ၏ ဆန္ဒနှင့် သဘောထားကို အပြုသဘောဖြင့် တင်ပြနိုင်ခဲ့သလို အစိုးရဘက်က တာဝန်ရှိသည့် ပြန်ကြားရေးဝန်ကြီးကိုယ်တိုင်ကလည်း လုပ်နိုင်သည်များကို ရင်းနှီးပွင့်လင်းစွာ ဤသို့ ပြောကြားခဲ့ပါသည်။

"ဖြစ်သင့်ဖြစ်ထိုက်တဲ့ အနေအထားတွေရဖို့ ဥပဒေပြဋ္ဌာန်းဆောင်ရွက်တဲ့နည်းသာလျှင် အကောင်းဆုံးဖြစ်ပါတယ်၊ ကြားကာလအတွင်းမှာ ဆင်ဆာနဲ့ပတ်သက်ပြီး အခုထက်ပိုပြီး သက်သာဖို့၊ အဆင်ပြေဖို့ ပြဿနာနည်းဖို့ကို ဘယ်လိုဆောင်ရွက်မလဲ၊ အခုရှိတဲ့ အနေအထားထက် ပိုလွတ်လပ်ခွင့်ရအောင် ဘယ်လုပ်နိုင်မလဲ၊ ကျွန်တော်တို့လည်း အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်လို့ ရပါလိမ့်မယ်"

ထို့နည်းတူ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်းကလည်း "ကျွန်တော်တို့ရုပ်ရှင်အစည်းအရုံး ဘာလုပ်ပေးရပါမလဲ၊ ကျွန်တော့်လောကသားများက ဘာတာဝန်ခံရပါမလဲ၊ ဘာလုပ်ပေးရမလဲ၊ ကျွန်တော်တို့ လုပ်ပါမယ်" ဟု တာဝန်ယူမှု၊ တာဝန်ခံမှုစိတ်ဖြင့် ပြောကြားခဲ့ပါသည်။

**မြန်မာ့ မြန်မာ့ ရုပ်ရှင်**

ယခုလို အပြန်အလှန် ညှိနှိုင်းဆွေးနွေး အဖြေရှာခြင်းသည် ဒီမိုကရေစီသဘောအရ ပေါ်ပေါက်လာသည့် ယဉ်ကျေးမှုအလေ့အထတစ်ခုကို အကောင်အထည်ဖော်ဆောင်နေမှုတစ်ခုဟု ခံစားရပြီး ကြည်နူးကျေနပ်မိပါသည်။

ဝိရောဓိများကို သက်ဆိုင်ရာအဖွဲ့အစည်းအချင်းချင်းအကြား ပူးပေါင်းဆောင်ရွက်မှု၊ ညှိနှိုင်းဆောင်ရွက်မှု၊ ညှိနှိုင်းသဘောတူမှုတို့ဖြင့် ရရှိလာသော ရလဒ်များက ခိုင်မာသလို ဆက်လက်တိုးတက်ရှင်သန်ဖြစ်ထွန်းစေရန်အတွက်လည်း အခြေခံကောင်းများဖြစ်သည်ဟု ယုံကြည်မိပါသည်။

သို့ဆိုလျှင် ရုပ်ရှင်လောက၏ အနာဂတ်အလင်းတန်းရောင်နီအစကို ကျွန်တော်တို့ မြင်တွေ့နေရပါပြီ။ ယခုလို သက်ဆိုင်သူ Stakeholders များ အားလုံး အပေးအယူညီမျှစွာဖြင့် ဆက်လက်ညှိနှိုင်းလုပ်ဆောင်သွားမည်ဆိုပါက ၁၉၂၀ ပြည့်နှစ်တွင် စတင်ခဲ့သည့် မြန်မာ့ရုပ်ရှင်၏ ရာပြည့်ဖြစ်သော ၂၀၂၀ ပြည့်နှစ်သည် ရုပ်ရှင်လောကသားတို့ မျှော်မှန်းသည့် မြန်မာ့ရုပ်ရှင်ရွှေခေတ်ကို ပြန်လည်ပိုင်ဆိုင်ခွင့်ရပေလိမ့်မည်ဟု မျှော်လင့်မိပါကြောင်း။ ။

# မန္တလေးနှင့် စစ်ကိုင်းမြို့များရှိ တန်ခိုးကြီးဘုရားများတွင် ပြည်တွင်း ဘုရားဖူးများဖြင့် အထူးစည်ကားလျက်ရှိ



**မန္တလေး ဖေဖော်ဝါရီ ၁၂**
ရုံးပိတ်ရက်များအတွင်း မန္တလေးနှင့် စစ်ကိုင်းမြို့များရှိ တန်ခိုးကြီးဘုရားများတွင် အနယ်နယ်အရပ်ရပ်မှ ရောက်ရှိလာကြသော ပြည်တွင်းဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ပြည်တွင်းဘုရားဖူးများသည် မန္တလေးမြို့ပေါ်ရှိ မဟာမုနိဘုရားသို့ ဦးခိုက်ပူဇော်ကြပြီး ဆက်လက်၍ မန္တလေးတောင်ပေါ်ရှိ ဆုတောင်းပြည့်မြတ်စွာဘုရားနှင့် တောင်ခြေရှိ ကျောက်တော်ကြီး၊ စန္ဒမုနိဘုရားနှင့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ကုသိုလ်တော်ဘုရားများသို့ သွားရောက်ဖူးမြော်ကြသည်။

ထို့ပြင် စစ်ကိုင်းမြို့ရှိ ကောင်းမှုတော်ဘုရား၊ ဆွမ်းဦးပုညရှင်စေတီတော်နှင့် စစ်ကိုင်းတောင်ရိုးရှိ ဘုရားများသို့ လှည့်လည်ဖူးမြော်ကြပြီး ညနေပိုင်းတွင် မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်ရှိ ကျောက်စိမ်းဘုရားသို့ သွားရောက်ဖူးမြော်ကြကာ ဘုရားပရိဝုဏ်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။ ထို့နောက် တောင်သမန်အင်းရှိ ဦးပိန်တံတားသို့ သွားရောက်လေ့လာ အပန်းဖြေအနားယူကြသည်။

"အခုလို ရုံးပိတ်ရက်တွေမှာ သူငယ်ချင်းတွေနဲ့ ခရီးထွက်ပြီး စစ်ကိုင်းက တန်ခိုးကြီးဘုရားတွေနဲ့ မန္တလေးက ဘုရားတွေကို ကုသိုလ်ယူဖူးမြော်ရတာ စိတ်အေးချမ်းမှု ရရှိပါတယ်"ဟု ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်မှ ဘုရားဖူးလာရောက်သူ ကိုကျော်ဝင်းကိုက ပြောသည်။

ထို့ပြင် ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မိသားစုလိုက် ဘုရားဖူးရောက်ရှိလာသည့် မသန္တာက "ရုံးလည်းပိတ်၊ ကျောင်းလည်းပိတ်တဲ့ ဒီသုံးရက်မှာ မန္တလေးကို လာလည်ကြတာပါ။ ဒီကာလမှာ မန္တလေးက ရာသီဥတုကလည်း ကောင်းတယ်၊ ပြီးခဲ့တဲ့ စနေ၊ တနင်္ဂနွေနှစ်ရက်က မေမြို့နဲ့ စစ်ကိုင်းကို လျှောက်လည်ပြီး ဒီနေ့မှာ မန္တလေးမြို့က ဘုရားတွေကို ဖူးမြော်ခဲ့ပါတယ်၊ အခုလို ခရီးထွက်ခြင်းက ဒေသထွက်အစားအစာတွေကို စားခွင့်ရသလို ဘုရားတွေလည်း ဖူးမြော်ခွင့်ရခဲ့ပါတယ်၊ လမ်းပန်းဆက်သွယ်ရေးကလည်း ကောင်းလာတော့ သွားလာရခက်ခဲ့တဲ့ နေရာတွေကို အလွယ်တကူ သွားရောက်နိုင်တဲ့အတွက် အဆင်ပြေပါတယ်"ဟု ပြောသည်။

မြန်မာနိုင်ငံအတွင်းရှိ ပြည်သူများသည် ယခုကဲ့သို့ ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်ရှည်ကာလများတွင် မိသားစုလိုက်သော်လည်းကောင်း၊ သူငယ်ချင်းများ စုပေါင်း၍သော်လည်းကောင်း တန်ခိုးကြီးဘုရားများ၊ သဘာဝအမွေအနှစ်များဖြင့် သာယာလှပနေသည့် အပန်းဖြေစရာ နေရာများ၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာ ဒေသများသို့ ခရီးထွက်၍ ကုသိုလ်ယူလေ့လာရင်း လွတ်လပ်ပေါ့ပါးမှု အရသာကို ခံစားလေ့ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ချင်းပြည်နယ်၏ အထင်ကရနေရာတစ်ခုဖြစ်သည့် အသည်းနှလုံးပုံသဏ္ဍာန် ရိဒ်ရေကန်၌ ရုံးပိတ်ရက်အတွင်း ဝန်ထမ်းများနှင့် ခရီးသွားပြည်သူများ လာရောက်အပန်းဖြေ

**ရိခေါဒါရ် ဖေဖော်ဝါရီ ၁၂**
ချင်းပြည်နယ်၏ အထင်ကရနေရာနှင့် ပြယုဂ်တစ်ခုဖြစ်သည့် ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း ၂၉၆၆ ပေပေါ်တွင် တစ်မူထူးခြားတည်ရှိသည့် အသည်းနှလုံးပုံသဏ္ဍာန် ရိဒ်ရေကန်သို့ ရုံးပိတ်ရက်အတွင်း ရပ်ဝေးနယ်ခြားမှ ဝန်ထမ်းများနှင့် ခရီးသွားပြည်သူများ လာရောက်အပန်းဖြေကြကြောင်း သိရသည်။

"ဒီနှစ်ဆိုရင် ခါတိုင်းနှစ်တွေနဲ့မတူ ရိဒ်ရေကန်သို့ လာရောက်လည်ပတ်သူ၊ အပန်းဖြေဖို့ ရောက်ရှိလာသူ ပိုမိုများပြားပါတယ်၊ တချို့ ရပ်နီးကပြည်သူတွေဆို နေ့ချင်းပြန်ခရီး၊ ရပ်ဝေးက ပြည်သူတွေဆို ညအိပ်ရပ်နားခြင်းဖြင့် ရောက်ရှိလာသူတွေလည်း ရှိပါတယ်၊ ခရီးသွားပြည်သူတွေဟာ ကိုယ်ပိုင်ယာဉ်၊ အငှားယာဉ်တွေ၊ ဆိုင်ကယ်တွေနဲ့ လာရောက်ကြပြီး နေ့စဉ်ပျမ်းမျှ ၃၀၀ ခန့် ရှိပါတယ်"ဟု ရိခေါဒါရ်မြို့ ဒေသခံပြည်သူတစ်ဦးက ပြောသည်။

"ကျွန်မက ရှမ်းပြည်နယ်ကလာတာပါ၊ ဒီအသည်းနှလုံးပုံသဏ္ဍာန် ရိဒ်ရေကန်ဆိုရင် နာမည်ကိုသာ ကြားဖူးပြီး ဓာတ်ပုံ၊ တီဗွီမှာတော့ မြင်ဖူးပါတယ်၊ ရိဒ်ရေကန်ကြီးကို အခုပထမဆုံးအကြိမ် ရောက်ရှိလာတာဖြစ်ပါတယ်၊ မရောက်ဖူးတဲ့နေရာ ရောက်လာတော့ အလွန်ပျော်ပါတယ်၊ ရာသီဥတုကလည်း သာယာတယ်၊ ရိဒ်ရေကန်ဘေးပတ်ဝန်းကျင်မှာ သစ်တောတွေ၊ လှပတဲ့ရှုခင်းတွေ တွေ့ရတော့ စိတ်ကြည်နူးမိတယ်၊ နောင်ကိုလည်း ပြန်လာဖို့ဆန္ဒရှိပါတယ်၊ တောင်ပေါ်လမ်းခရီးဆိုတော့ လမ်းအကွေ့အကောက်တွေများတဲ့အတွက် ခရီးနည်းနည်း ပင်ပန်းပါတယ်၊ တစ်ဖက်မှာတော့ အားလပ်ရက် အပန်းဖြေဖို့လာတာဖြစ်တဲ့အတွက် ရိဒ်ရေကန်ကြီးကို မြင်တွေ့ခွင့်ရတော့ ပင်ပန်းရကျိုးနပ်ပါတယ်"ဟု ဆရာမ ဒေါ်နန်းရတီစိုး (တီဘီတိုက်ဖျက်ရေးဌာန)က ပြောသည်။



"ကျွန်မကလည်း ရှမ်းပြည်နယ်ကပါ၊ ဒီရိဒ်ရေကန်ကြီးကို အားလပ်ရက်အပန်းဖြေဖို့ အခု ပထမအကြိမ် ရောက်ရှိလာတာ ဖြစ်ပါတယ်၊ ကျွန်မထင်ထားတာထက်တောင် ပိုပြီးတော့ သာယာတယ်၊ ပျော်စရာလည်း ကောင်းတယ်၊ ရိဒ်ရေကန်လေ့လာရေးခရီးနဲ့ အပန်းဖြေလာရောက်သူတွေ အများကြီးတွေ့ရလို့ စိတ်ကျေနပ်မိတယ်၊ နောက်တစ်ခေါက် ဒီလိုပြန်ရောက်ဖို့အတွက် အချိန်ယူရမှာပါ"ဟု မြန်မာနိုင်ငံ ကျန်းမာရေးမှူးများအသင်းမှ ဆရာမ ဒေါ်ရွှေစင်မြင့်က ပြောသည်။

"ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ကနေ ရိဒ်ရေကန်ကြီးကို အားလပ်ရက်အချိန်လေးမှာ အပန်းဖြေဖို့ ရောက်ရှိလာတာပါ၊ ရိဒ်ရေကန်ကြီးကို မဆိုထားနဲ့ ချင်းတောင်ကို ဒီတစ်ခေါက် ပထမအကြိမ်ရောက်ရှိလာတာပါ၊ ချင်းတောင်က တောင်ကုန်းတောင်တန်းတွေ မြင့်တော့ ရှုခင်းတွေက အလွန်လှတယ်၊ သဘာဝသစ်တောတွေကလည်း သာယာလှပတယ်၊ လမ်းခရီးတစ်လျှောက်လုံး ကြည့်ရှုစရာအသစ်တွေပါပဲ၊ ဒီရိဒ်ရေကန်ကြီးကို ရောက်လာတော့ တကယ့်ဆန်းကြယ် လှပပြီးတော့ အံ့သြဖွယ်ကောင်းတဲ့ တောင်ကုန်းပေါ်က ရေကန်ကြီးတွေ့ရတော့ အများကြီးပျော်မိပါတယ်၊ ရိဒ်ရေကန်နဲ့ ရေကန်ဘေးပတ်ဝန်းကျင်က သဘာဝတောအုပ်ကြီးတွေနဲ့ ရှုခင်းတွေပါ မြင်ရတော့ စိတ်ကြည်နူးမိပါတယ်၊ ခဏခဏလာဖြစ်အောင် အချိန်ပေးပါ့မယ်" ဟု ဦးထွန်းနိုင်က ပြောသည်။

"ကျွန်မတို့က ကလေးမြို့ ကွန်ပျူတာသင်တန်းကျောင်းက ကျောင်းသားကျောင်းသူအဖွဲ့တွေပါ၊ အခုကျောင်းပိတ်ရက် သုံးရက်အတွင်း အပန်းဖြေခရီးထွက်ရန် ရိဒ်ရေကန်ကြီးသို့ လာရောက်ဖို့ စီစဉ်ထားတာပါ၊ အရင်နှစ်ကဆို ချင်းပြည်နယ်တောင်ပိုင်းရှိ ဝိတိုရိယတောင်ကို ရောက်ခဲ့ပြီးပါပြီ၊ အခု ရိဒ်ရေကန်ကြီးသို့ ရောက်ရှိလာတာက ကျွန်မတို့အားလုံးအတွက် ပထမဆုံးအကြိမ်ဖြစ်ပါတယ်၊ ရိဒ်ရေကန်ကြီးနဲ့ သဘာဝအလှကို ခံစားရတော့ အားလုံးပျော်ရွှင်ကြည်နူးမိပါတယ်"ဟု ကွန်ပျူတာသင်တန်း နောက်ဆုံးနှစ် ကျောင်းသူ မမားလ်ဆောမ်ဒေါင်းငီးက ပြောသည်။

အဆိုပါ ရိဒ်ရေကန်ကြီး၌ ရုံးပိတ်ရက် သုံးရက်အတွင်း ပြည်တွင်းရှိ ရပ်ဝေးမြေခြား နိုင်ငံ့ဝန်ထမ်းများ၊ လူမှုအဖွဲ့အစည်းများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ သင်တန်းကျောင်းများမှ ကျောင်းသားလူငယ်များက အစုလိုက်အဖွဲ့လိုက်ဖြင့် လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်မှ အပန်းဖြေခရီးဖြင့်လည်းကောင်း၊ လေ့လာရေးခရီးဖြင့် လည်းကောင်း ရောက်ရှိလာသူများဖြင့် ယခင်နှစ်များနှင့်မတူ စည်ကားလျက်ရှိကြောင်း၊ ရိဒ်ရေကန်ကြီးသည် ချင်းပြည်နယ် အနောက်မြောက်ဘက်၊ မြန်မာ-အိန္ဒိယနှစ်နိုင်ငံနယ်စပ်မြို့ကလေးဖြစ်သည့် ရိခေါဒါရ်မြို့အနီးတွင် တည်ရှိပြီး ကလေးမြို့မှ ၉၇ မိုင်၊ တီးတိန်မြို့မှ ၃၂ မိုင်နှင့် ဖလမ်းမြို့မှ ၆၄ မိုင်အကွာတွင် တည်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ချောင်းသာယာ နွေရာသီအပန်းဖြေစခန်းသို့ ရုံးပိတ်ရက်၌ ပြည်သူများ လာရောက်အပန်းဖြေ

**ရေး ဖေဖော်ဝါရီ ၁၂**
မွန်ပြည်နယ် ရေးမြို့နယ်၏ လူသိများလျက်ရှိသော နွေရာသီအပန်းဖြေစခန်းတစ်ခုဖြစ်သည့် ကျောင်းရွာကျေးရွာအနီးရှိ ချောင်းသာယာအပန်းဖြေစခန်းသို့ ပြည်ထောင်စုနေ့အပါအဝင် ရုံးပိတ်ရက်ဖြစ်သောကြောင့် ရပ်ဝေးရပ်နီးမှ ဧည့်သည်များ၊ ဒေသနေအစိုးရဝန်ထမ်းများ၊ ကျောင်းသားလူငယ်များနှင့် နိုင်ငံခြားသား ခရီးသွားဧည့်သည်များ လာရောက်အပန်းဖြေကြသည့်အတွက် စည်ကားလျက်ရှိသည်။

အဆိုပါ ကျောင်းရွာချောင်းသာယာ အပန်းဖြေစခန်းမှ တစ်ဆင့် ရေးမြစ်နှင့် မင်းလှချောင်းဆုံရာ ချောင်းနှစ်ခွ ရေလယ်ရပ်တော်မူဘုရားသို့ စက်လှေစီးပြီး သွားရောက်ရသဖြင့် အပန်းဖြေသူများကို လိုက်လံပို့ဆောင်ပေးသည့် စက်လှေသမား ဦးကြည်လှိုင်က "စက်လှေတစ်စင်းကို ၁၂ ယောက်စီးခွင့်ရှိပြီး တစ်ဦးလျှင် အသွားအပြန် ကျပ် ၁၀၀၀ နှုန်းနှင့် စင်းလုံးငှား တစ်စင်းလျှင် ကျပ် ၁၀၀၀၀ နှုန်းဖြင့် ပို့ဆောင်ပေး၍ ယခုလို ရုံးပိတ်ရက်များတွင် နေ့စဉ်လာရောက်အပန်းဖြေသည့် ဧည့်သည် ၄၀၀၀ ခန့်ကို ပို့ဆောင်ပေးလျက်ရှိကြောင်း ပြောသည်။

**မြို့နယ်(ပြန်/ဆက်)**





**နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို ဒုတိယသမ္မတ ဦးမြင့်ဆွေ ဖတ်ကြားစဉ်။**

### ❖ ကျောဖုံးမှ

အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်ထောင်စုတစ်ဝန်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဟူသည့် အမျိုးသားရေး ဦးတည်ချက်(၄)ရပ်ဖြင့် အနှစ်သာရပြည့်ဝစွာ ကျင်းပခြင်းဖြစ်သည်။

ရှေးဦးစွာ (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို နံနက် ၅ နာရီခွဲတွင် ကျင်းပရာ တိုင်းရင်းသား တိုင်းရင်းသူများနှင့်အတူ အလံတင်အဖွဲ့က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို လွှင့်တင်သည်။

နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားသို့ တက်ရောက်အလေးပြုကြမည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသား တိုင်းရင်းသူများနှင့် ဖိတ်ကြားထားသူများသည် နံနက် ၅ နာရီမှစတင်၍ အခမ်းအနားကျင်းပမည့် မြို့တော်ခန်းမ ဥပစာရင်ပြင်သို့ ချီတက်နေရာယူကြသည်။

နံနက် ၇ နာရီတွင် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကို ကျင်းပရာ တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂုဏ်ပြုတပ်ဖွဲ့က မြို့တော်ခန်းမ ဥပစာရင်ပြင်သို့ ချီတက်နေရာယူသည်။

ယင်းနောက် (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ပြည်ထောင်စုနေ့အခမ်းအနားကျင်းပသည့် မြို့တော်ခန်းမ ဥပစာရင်ပြင်ရှိ စင်မြင့်ပေါ်၌ နေရာယူပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူသည်။

ထို့နောက် ဒုတိယသမ္မတသည် တက်ရောက်လာကြသူများနှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အလေးပြုကြရာ ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ဒုတိယသမ္မတ ဦးမြင့်ဆွေက ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ မိသားစုများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသား တိုင်းရင်းသူကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



**ပင်လုံပြည်ထောင်စုကျောက်တိုင်တွင် ကျင်းပသည့် (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားတွင် တက်ရောက်လာကြသူများက နိုင်ငံတော်အလံကို အလေးပြုကြစဉ်။**



**ပင်လုံပြည်ထောင်စုကျောက်တိုင်တွင် ကျင်းပသည့် (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ပြည်ထောင်စုတိုင်းရင်းသား ကျောင်းသား ကျောင်းသူများ၏ အကနှင့်အတူ ဖွင့်လှစ်ပေးစဉ်။**

### ❂ (၇၁)နှစ်မြောက်မှ

အလယ်တန်းအဆင့်(စာစီစာကုံး)ပြိုင်ပွဲတို့တွင် ဆုရရှိသူများနှင့် ခရိုင်ဂုဏ်ဆောင် စာပေ၊ အားကစား ထူးချွန်သူများကို ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးကြသည်။

ဆက်လက်၍ ဖျော်ဖြေရေးအစီအစဉ်ကိုကျင်းပရာ တိုင်းရင်းသားရိုးရာ စာပေနှင့် ယဉ်ကျေးမှုအက အဖွဲ့များ၊ တက္ကသိုလ်များမှ တိုင်းရင်းသားအကအဖွဲ့များက တစ်ဖွဲ့ခြင်း ကပြဖျော်ဖြေကြသည်။ ထို့နောက် ၂၀၁၈ ခုနှစ် (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားအား ထာဝရမြန်မာသီချင်းဖြင့် ပြည်ထောင်စု တိုင်းရင်းသား တိုင်းရင်းသူများ၏ ရိုးရာယဉ်ကျေးမှုအကနှင့်အတူ အောင်မြင်စွာ ကျင်းပခဲ့သည်။

ထို့နောက် (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်လာကြသည့် ရှမ်းပြည်နယ် စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးစိုးညွန့်လွင်နှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရှုန်တစ်လုံတို့က ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးကြပြီး တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကအဖွဲ့များဖြင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများက ၂၀၁၈ ခုနှစ် (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ကွန်ပျူတာတက္ကသိုလ်ပြခန်း၊ နည်းပညာတက္ကသိုလ်ပြခန်း၊ ကျန်းမာရေးစောင့်ရှောက်မှု ဆေးခန်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လွိုင်လင်ခရိုင်ရုံး၏ ဓာတ်ပုံပြခန်း၊ နံရံကပ်စာစောင်ပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)မှထုတ်ဝေသည့် (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များလည်း ဖြန့်ဝေခဲ့ကြောင်း သိရသည်။

အဆိုပါ (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ရှမ်းပြည်နယ်ဝန်ကြီးများ၊ လွိုင်လင် တပ်နယ်မှ တပ်နယ်မှူး၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများ၊ တက္ကသိုလ် ကျောင်းသား ကျောင်းသူများ၊ ဆုရရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

**မိုးလွင်ဦး(လွိုင်လင်)**



## ပြည်ထောင်စုနေ့ စာပေဟောပြောပွဲ လှိုင်သာယာစက်မှုဇုန်(၂)၌ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် စာပေဟောပြောပွဲကို ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ကနောင်မင်းသားကြီးလမ်း လှိုင်သာယာစက်မှုဇုန်(၂)ရပ်ကွက်၌ ယမန်နေ့ ည ၇ နာရီတွင် ပြုလုပ်ရာ ရပ်ကွက်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကြည်ဝင်း (ကြည်ဝင်း-စက်မှုဇုန်)က အဖွင့်အမှာစကားပြောကြားပြီး စာရေးဆရာ တင့်လွင်ဦး (စီးပွားရေးတက္ကသိုလ်)က အဖွင့်နိဒါန်း ပြည်ထောင်စုနေ့ ဂုဏ်ပြုကဗျာကို ရွတ်ဆိုသည်။

ဆက်လက်၍ စာရေးဆရာ အဏ္ဏဝါစိုးမိုး၊ အကြည်တော်နှင့် မေတ္တာတို့က စာပေဗဟုသုတများ ဟောပြောကြသည်။ အဆိုပါ ဟောပြောပွဲနှင့်အတူ ပြည်ထောင်စုတေးသီချင်းနှင့် ယိမ်းအကများကိုလည်း ထည့်သွင်းတင်ဆက်ခဲ့ရာ ပရိသတ်များ တစ်ခဲနက် ကြည့်ရှုအားပေးကြောင်း သိရသည်။

**ကြေးမုံ**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

# (၇၁) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား ရန်ကုန်မြို့ NLD ဌာနချုပ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပ




**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

(၇၁) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (ဗဟိုဌာနချုပ်)တွင် စည်ကားသိုက်မြိုက်စွာကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား အလေးပြုပြီး ကျဆုံးလေပြီးသော လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခြင်းနှင့် ဒီမိုကရေစီအရေးတော်ပုံ အဆင့်ဆင့်တွင် ကျဆုံးခဲ့ကြသော ရဟန်း ရှင်လူ၊ ကျောင်းသား၊ ပြည်သူများအား ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် ရှစ်စက္ကန့် ငြိမ်သက်ခြင်းတို့ကို ပြုလုပ်ကြသည်။

ထို့နောက် သဘာပတိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူး အဖွဲ့ဝင် ဦးဉာဏ်ဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် "ဒီကနေ့ဟာ လွတ်လပ်ရေးဗိသုကာ အမျိုးသားခေါင်းဆောင် တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့ တိုင်းရင်းသားခေါင်းဆောင်ကြီး ၂၃ ဦးတို့ အမြင်ကျယ်ကျယ်၊ မိသားစုစိတ်ရှိရှိ အပြန်အလှန်လေးစားနားလည်မှုအပြည့်နဲ့ ဆွေးနွေးညှိနှိုင်းပြီး အမျိုးသားစည်းလုံးညီညွတ်ရေးကို အုတ်မြစ်ချခဲ့တဲ့ သမိုင်းဝင်ပင်လုံစာချုပ်ချုပ်ဆိုခဲ့တဲ့ (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ဖြစ်ပါတယ်၊ ပင်လုံစာချုပ်ဟာ မြန်မာ့ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းမှာ အဓိကကျတဲ့ ညီညွတ်မှုနဲ့ယုံကြည်မှုရဲ့ သင်္ကေတ မော်ကွန်းဖြစ်ပါတယ်၊ အမျိုးသားသွေးစည်းညီညွတ်မှုမရှိရင် ပင်လုံစာချုပ် ပေါ်ပေါက်မလာနိုင်သလို၊ ပင်လုံစာချုပ်မရှိရင်လည်း လွတ်လပ်ရေး မရရှိနိုင်ပါဘူး"ဟု ပြောကြားသည်။

ဆက်လက်၍ ၎င်းက "ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်တဲ့ (၂၀)ရာစုပင်လုံညီလာခံဟာ လွတ်လပ်မှုနဲ့တန်းတူညီမျှမှုကို အခြေခံတဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမှသည် အမျိုးသားလွတ်လပ်ရေးသို့ ဦးတည်ခဲ့ပါတယ်၊ ထို့အတူ ဒေါ်အောင်ဆန်းစုကြည်ခေါင်းဆောင်တဲ့ (၂၁)ရာစု ပင်လုံညီလာခံဟာ အမျိုးသားပြန်လည်သင့်မြတ်ရေးကို အခြေခံတဲ့ တိုင်းရင်းသားမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေး၊ ငြိမ်းချမ်းရေးမှသည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရေးသို့ ဦးတည်ပါတယ်၊ ဗိုလ်ချုပ်အောင်ဆန်းနဲ့ တိုင်းရင်းသားခေါင်းဆောင်ကြီးတွေဟာ အမျိုးသားရေးဝါဒနဲ့ ပြည်ထောင်စုစိတ်ဓာတ်ကို သဟဇာတဖြစ်စေပြီး ပင်လုံစိတ်ဓာတ်ကို မွေးဖွားပေးခဲ့ကြသလို တိုင်းရင်းသားမျိုးနွယ်စုတွေရဲ့ သမိုင်းဆိုင်ရာပကတိအခြေအနေများကို ဆန္ဒစွဲ၊ လူမျိုးစွဲကင်းစွာ ခမ္မခိဋ္ဌာန်ကျကျသုံးသပ်၊ လက်တွေ့ကျကျတည်ဆောက်ကြဖို့လိုပါတယ်၊ လူမျိုးကြီးဝါဒနဲ့အမြင်ကျဉ်းမြောင်းတဲ့ အမျိုးသားရေးဝါဒကိုလည်း ဆန့်ကျင်ကြရပါမယ်။

ဒါ့ကြောင့် ကျွန်ုပ်တို့အားလုံးဟာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို အောင်မြင်သည်အထိ မဆုတ်မနစ် ကြိုးပမ်းအားထုတ်ကြရင်း ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းရေးသို့ အေးအတူပူအမျှထာဝရ မခွဲမခွာ၊ ညီညာသွေးစည်းမှုဖြင့် ဥမကွဲသိုက်မပျက် ဆက်လက်ချီတက်ကြပါစို့" ဟု ပြောကြားသည်။

ယင်းနောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က (၇၁) နှစ်မြောက်ပြည်ထောင်စုနေ့တွင် ထုတ်ပြန်သည့် အချက်လေးချက်ပါသော ကြေညာချက်ကို ဗဟိုကော်မတီဝင်၊ ဗဟိုပြန်ကြားရေးကော်မတီအတွင်းရေးမှူး မုံရွာအောင်ရှင်က ဖတ်ကြားပြီး ဝါရင့် နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်အဖွဲ့များက ပေးပို့သော သဝဏ်လွှာများကို မှတ်တမ်းတင်သည်။

ယနေ့အခမ်းအနားနှင့်ပတ်သက်၍ မုံရွာအောင်ရှင်က "ဒီကနေ့ အခမ်းအနားဟာ အရင်တုန်းက လုပ်ခဲ့တဲ့ အခမ်းအနားတွေထက်ပိုပြီးတော့ ထူးခြားတယ်လို့ ပြောလို့ရပါတယ်၊ ဘာကြောင့်လဲဆိုရင် မနက်ဖြန်မှာ NCA လက်မှတ်ထိုးမယ့် အဖွဲ့ဝင်အသစ်တွေ လက်မှတ်ထိုးတော့မှာဖြစ်တာကြောင့် ဒီကနေ့ ပြည်ထောင်စုနေ့ကို ကြိုဆိုတဲ့သဘောဖြစ်ပါတယ်၊ ဒါ့ကြောင့် ပိုပြီးတော့ထူးခြားတယ်လို့ပြောရခြင်း ဖြစ်ပါတယ်၊ နောက်တစ်ခုက ဒီကနေ့ဆိုရင် လူငယ်တွေအများကြီး အခမ်းအနားကို တက်ရောက်လာတာတွေ့ရတယ်၊ ဒါဟာ ပြည်ထောင်စုနေ့နဲ့ ပင်လုံစိတ်ဓာတ်ကို လူငယ်တွေ အားတက်လာစေတယ်၊ အားကျစေတယ်၊ ပြည်ထောင်စု သဘောထားတွေကို ပိုပြီးတော့ နားလည်လာတယ်ဆိုတာကို တွေ့ရပါတယ်" ဟု ပြောသည်။

အဆိုပါ အခမ်းအနားကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကကြီးမှူး ကျင်းပခြင်းဖြစ်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက ဦးတင်ဦး၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူး အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ရန်ကုန်မြို့ရှိ သံရုံးများမှ သံတမန်များ၊ အဖွဲ့ချုပ်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**



## (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနား ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံ လွတ်လပ်ရေးကျောက်တိုင်ရှေ့၌ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံ လွတ်လပ်ရေးကျောက်တိုင်ရှေ့၌ ကျင်းပသည်။

အစီအစဉ်အရ မဟာဗန္ဓုလပန်းခြံ လွတ်လပ်ရေးကျောက်တိုင်ရှေ့တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတီးဝိုင်းတို့က နေရာယူကြပြီးနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းကို အလေးပြုကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် စစ်ရေးပြတပ်ခွဲ၊ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို အလေးပြုကြရာ ရဲတီးဝိုင်းက နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သော (၇၁) နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖတ်ကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်ပုံ၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေ၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ် တပ်မတော်အရာရှိကြီးများ၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသား တိုင်းရင်းသူများ၊ ကျောင်းသား ကျောင်းသူများနှင့် ခရိုင်၊ မြို့နယ်များမှ ဒေသခံပြည်သူများအပါအဝင် အင်အား ၃၀၉၀ တက်ရောက်ကြသည်။

**သတင်း- သန့်ဇင်ဝင်း၊ ဓာတ်ပုံ-ဇော်မင်းလတ်**

## ရောင်းသူရော ဝယ်သူပါ ကျေနပ်ပျော်ရွှင်ကြတဲ့ မန္တလေးမြို့က စာအုပ်ဈေးရောင်းပွဲတော်

**မန္တလေး ဖေဖော်ဝါရီ ၁၂**

(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် မန္တလေးမြို့ရှိ မန္တလာသီရိ အားကစားကွင်းတွင် ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၃ ရက်အထိ ကျင်းပလျက်ရှိသော စာအုပ်ဈေးရောင်းပွဲတော်ကြီးမှာ အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

အဆိုပါ စာအုပ်ဈေးရောင်းပွဲတော်တွင် ရန်ကုန်နှင့် မန္တလေးမြို့များမှ စာပေဖြန့်ချိရေးဆိုင်များသာမက အခြားမြို့များမှ စာအုပ်အရောင်းဆိုင်များပါ စိတ်ဝင်တစား လာရောက်ရောင်းချကြသည့်အတွက် စာအုပ်အရောင်းဆိုင် စုစုပေါင်း ၇၈ ဆိုင်ရှိပြီး ရောင်းသူရော ဝယ်သူပါ အားရကျေနပ်မှုရှိကြောင်း ယခုလိုပြောကြားခဲ့ကြသည်။

"အခု သုံးရက်အတွင်းမှာ ရောင်းအားက တဖြည်းဖြည်းတက်လာတယ်၊ ကျွန်တော်တို့ဆိုင်က ကြိုက်တာယူ တစ်အုပ်ကို ကျပ် ၅၀၀ နဲ့ ၁၀၀၀ ဈေးနဲ့ ရောင်းချတာဆိုတော့ ပထမရက်မှာ အုပ်ရေ ၂၀၀ ကျော်၊ ဒုတိယရက်နဲ့ တတိယရက်တွေမှာ တဖြည်းဖြည်း ရောင်းအားတက်လာတယ်၊ ရောင်းရငွေကတော့ ပထမရက်မှာ နှစ်သိန်းကနေ နောက်ရက်တွေ လေးသိန်းနဲ့ ခြောက်သိန်းအထိ ရောင်းရပါတယ်၊ မန္တလေးမှာ လာရောင်းတာ လေးကြိမ်ရှိပါပြီ၊ စာဖတ်ပရိသတ် အလွန်များပြီး စာပေချစ်မြတ်နိုးတဲ့သူတွေများလို့ မန္တလေးကို လာပြီးရောင်းချဖို့ ရန်ကုန်က ဆိုင်တွေအားလုံးက တက်ကြွနေကြပြီး ရောင်းသူအားလုံးလည်း ရောင်းအားအပေါ် ကျေနပ်ပျော်ရွှင်နေကြပါတယ်"ဟု ရန်ကုန်မြို့ ရွှေမြန်မာစာပေမှ ကိုထက်စိုးက ပြောသည်။

အဆိုပါ စာအုပ်ဈေးရောင်းပွဲတော်တွင် မြန်မာစာပေကို အနှစ်လေးဆယ်ကျော် အစဉ်တစိုက်လေ့လာနေပြီး ဆရာကြီး သိန်းဖေမြင့်နှင့် ဆရာကြီး မြသန်းတင့်တို့၏ စာအုပ်များကို ဂျပန်နိုင်ငံ၌ ဘာသာပြန်ရေးသားထုတ်ဝေနေသည့် ဂျပန်နိုင်ငံသူ မြန်မာစာပါမောက္ခတစ်ဦးဖြစ်သူ စာရေးဆရာမကြီး မပန်းခက်ကလည်း "အခု ဒီစာအုပ် ဈေးရောင်းပွဲတော်ကို လာခဲ့ရတာက လူငယ်တွေ စာသိပ်မဖတ်ကြတော့ဘူး၊ စာကြည့်တိုက်လုပ်ငန်းတွေလည်း မထွန်းကားဘူးလို့ ကြားနေရတဲ့အတွက် လာပြီးလေ့လာကြည့်တာပါ၊ အခု လေ့လာမိသလောက်တော့ စာဖတ်ပရိသတ်တွေ ရှိတယ်ဆိုတာကို ဒီစာအုပ်တန်းကြီးမှာ စည်ကားနေတာက သက်သေပြနေတဲ့အတွက် ကျေနပ်အားရ ဝမ်းသာမိပါတယ်" ဟု ပြောကြားခဲ့သည်။

မန္တလေးမြို့ရှိ မန္တလာသီရိအဆင့်မြင့်အားကစားကွင်းတွင် (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် စာအုပ်ဈေးရောင်းပွဲတော်နှင့်အတူ တိုင်းရင်းသားရိုးရာဒေသထွက်ကုန်များ၊ ရိုးရာအစားအစာများနှင့် အသုံးအဆောင်ပစ္စည်းများ ပြသရောင်းချသည့် ဆိုင်ခန်းပေါင်း ၃၁ ဆိုင်ကိုလည်း ဖွင့်လှစ်ထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



○

ရန်ကုန် အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်း အမှတ် (၃) တွင် ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦး ဖတ်ကြားစဉ်။

**ခင်မောင်သော်**

# မွန်ပြည်သစ်ပါတီ(NMSP)၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) နှင့် နီပွန်ဖောင်ဒေးရှင်းတို့ ပူးတွဲသတင်းစာရှင်းလင်းပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**
မွန်ပြည်သစ်ပါတီ (NMSP)၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) နှင့် ဂျပန်နိုင်ငံမှ နီပွန်ဖောင်ဒေးရှင်းတို့၏ ပူးတွဲသတင်းစာရှင်းလင်းပွဲကို ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ Kempinski Hotel ၌ ကျင်းပသည်။

သတင်းစာရှင်းလင်းပွဲသို့ မွန်ပြည်သစ်ပါတီဥက္ကဋ္ဌ နိုင်ထေဝမွန်၊ လားဟူဒီမိုကရက်တစ်အစည်းအရုံးဥက္ကဋ္ဌ ကြာခွန်ဆာနှင့် ဂျပန်နိုင်ငံ နီပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ Mr. YOHEI SASAKAWA၊ မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့မှ တာဝန်ရှိသူများနှင့် သတင်းမီဒီယာများ တက်ရောက်ကြသည်။

သတင်းစာရှင်းလင်းပွဲတွင် နီပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ Mr. YOHEI SASAKAWA က နှစ်နှစ်အတွင်း NCA လက်မှတ်မထိုးရသေးသည့် အဖွဲ့များနှင့် အစိုးရကြားတွင် လက်မှတ်ရေးထိုးနိုင်ရေး နှစ်ဖက်စလုံးမှ ဖွဲ့မလျှော့ဘဲ လုပ်ဆောင်ခဲ့ကြသည်ကို အားလုံးသိရှိပြီး ဖြစ်ပါကြောင်း၊ မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ် အစည်းအရုံးတို့၏ဥက္ကဋ္ဌများနှင့် ဒေသခံပြည်သူလူထု၏ သဘောတရားအပေါ် မူတည်ပြီး NCA လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျင်းပမည်ဟုသိရှိရ၍ မိမိအနေဖြင့် များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မြန်မာနိုင်ငံအစိုးရမှ အရေးအကြီးဆုံးအဖြစ် သတ်မှတ်ထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအားလုံးနှင့် NCA လက်မှတ်ရေးထိုးနိုင်ရန် နိုင်ငံရေးဆွေးနွေးပွဲများကျင်းပ၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆက်လက်လုပ်ဆောင်သွားမည်ကို သိရှိနားလည်ပါကြောင်း၊ မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့က NCA လက်မှတ်ထိုးနိုင်သည့်အဆင့်ထိ ရောက်ရှိလာသည်မှာ လေးနက်သည့် လုပ်ဆောင်မှုတစ်ခုဟု နားလည်ပါကြောင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိစ္စတစ်ခုဖြစ်သည်ဟု ခံယူထားပါကြောင်း၊ ကာယကံရှင်များဖြစ်သည့် မြန်မာအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား တွေ့ဆုံပြီး ယုံကြည်မှုပိုမိုမြင့်တင်နိုင်ရန် မိမိတို့အနေဖြင့် ဝိုင်းဝန်းကူညီခဲ့ခြင်းဖြစ်ပါကြောင်း၊ ဂျပန်အစိုးရနှင့် နီပွန်ဖောင်ဒေးရှင်းတို့ ပူးပေါင်းလက်တွဲ၍ NCA လက်မှတ်ထိုးပြီးသည့် KNUဒေသတွင် ငြိမ်းချမ်းရေးအကျိုးကျေးဇူးများ ခံစားနိုင်ရေးအတွက် အမေရိကန်ဒေါ်လာ သန်း ၄၀ ကို ဝိုင်းဝန်းကူညီခဲ့ပါကြောင်း၊ ဖေဖော်ဝါရီ ၁၃ ရက်တွင် NCA လက်မှတ်ထိုးမည့် မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့၏ ဒေသတွင် နေထိုင်ကြသည့် ပြည်သူပြည်သားများ ငြိမ်းချမ်းရေး၏ အကျိုးကျေးဇူးကို အမြန်ဆုံးခံစားနိုင်စေရန်အတွက်လည်း မိမိတို့အနေဖြင့် ဝိုင်းဝန်းပူးပေါင်းကူညီသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။



ထို့နောက် မွန်ပြည်သစ်ပါတီ(NMSP) ဥက္ကဋ္ဌ နိုင်ထေဝမွန်က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ပြောကြားသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ကြိုးပမ်းဆောင်ရွက်မည်ဆိုသည်ကို မိမိတို့အနေဖြင့် ထောက်ခံပါကြောင်း၊ ၂၀၁၅ ခုနှစ်တွင် လက်မှတ်မထိုးခဲ့ရခြင်းသည် (All Inclusive)ဖြစ်ရန်၊ အားလုံးပါဝင်နိုင်ရန် တောင်းဆိုခဲ့သော်လည်း အစိုးရက သဘောမတူသဖြင့် မိမိတို့အနေဖြင့် လက်မှတ်မထိုးဖြစ်ခဲ့ပါကြောင်း၊ တပ်ပေါင်းစုအနေဖြင့် ဖွဲ့စည်းဆွေးနွေးပြီး နောက်ပိုင်းတွင် ပြေလည်သင့်သလောက် ပြေလည်ပြီး၍ လက်မှတ်ရေးထိုးခြင်း ဖြစ်ပါကြောင်း၊ ထိုသို့လက်မှတ်ထိုးနိုင်ခြင်းသည် ကောင်းမွန်သည့် လက္ခဏာဖြစ်ပါကြောင်း၊ အားလုံးပါဝင်နိုင်ရေးအတွက်လည်း မိမိတို့အနေဖြင့် ကြိုးစားလျက်ရှိပါကြောင်း၊ နီပွန်ဖောင်ဒေးရှင်းအနေဖြင့် တတ်နိုင်သည့်အကူအညီများ ပေးမည်ဆိုသည်ကို မိမိတို့အနေဖြင့် ဝမ်းမြောက်ကြိုဆိုပါကြောင်း၊ ပြည်သူလူထုအတွက် အမှန်တကယ် ရေရှည်တည်တံ့မည့် ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်း၊ မည်သည့်အခက်အခဲများရှိလာမည်ကို မသိသော်လည်း ပြည်သူ့အတွက် ရည်ရွယ်ကြိုးစားဆောင်ရွက်သွားရန် ဆန္ဒရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU)ဥက္ကဋ္ဌ ကြာခွန်ဆာက မိမိတို့အဖွဲ့အစည်းအနေဖြင့် လက်မှတ်ရေးထိုးနိုင်ရေး မျှော်လင့်ထားသည်မှာ ကြာမြင့်ပြီဖြစ်ပါကြောင်း၊ လားဟူဒေသတွင် များစွာဖွံ့ဖြိုးတိုးတက်ရန် လိုလားပါကြောင်း၊ ဒေသခံ ပြည်သူများအနေဖြင့်လည်း ငြိမ်းချမ်းရေးကို မျှော်လင့်နေသည်မှာ ကြာမြင့်ပြီဖြစ်ပါကြောင်း၊ ယခုကဲ့သို့ အချိန်ပေး၊ အခွင့်အရေးပေးသည့်အတွက်လည်း မိမိတို့အနေဖြင့် များစွာဝမ်းမြောက်ဝမ်းသာဖြစ်မိပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် သတင်းမီဒီယာများမှ သတင်းထောက်များ၏ မေးမြန်းချက်များအား မွန်ပြည်သစ်ပါတီဥက္ကဋ္ဌ နိုင်ထေဝမွန်၊ လားဟူဒီမိုကရက်တစ် အစည်းအရုံးဥက္ကဋ္ဌ ကြာခွန်ဆာနှင့် ဂျပန်နိုင်ငံ နီပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ Mr. YOHEI SASAKAWA နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

**သတင်းစဉ်**

---

**ရခိုင်ပြည်နယ်သတင်းများ**

## (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား မောင်တောမြို့၌ ကျင်းပ

**မောင်တော ဖေဖော်ဝါရီ ၁၂**
(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို မောင်တောမြို့ မြို့မအားကစားကွင်း၌ ယနေ့ နံနက် ၇ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ တက်ရောက်လာသူများက နိုင်ငံတော်အလံအားအလေးပြုကြပြီး မောင်တောခရိုင် အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်က နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သည့် (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာအား ဖတ်ကြားကာ ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံသမိုင်းအကျဉ်းကို ပြောကြားသည်။ အခမ်းအနားသို့ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ မြို့မိမြို့ဖများ တက်ရောက်ကြသည်။



ဆက်လက်၍ မောင်တောခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းများက (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် လက်ကမ်းစာစောင်များအား အခမ်းအနားသို့ တက်ရောက်လာသူများနှင့် မောင်တောဈေး လူစည်ကားရာနေရာများ၌ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သတင်း-ဟိန်းထက်ဇော်၊ သူရဇော်**
**ဓာတ်ပုံ- ရာမည**

---

## (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အခမ်းအနား မြောက်ဦးမြို့၌ ကျင်းပ

**မြောက်ဦး ဖေဖော်ဝါရီ ၁၂**
(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အခမ်းအနားကို မြောက်ဦးမြို့၌ ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၈ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးသိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်သာစိန်၊ ဌာနဆိုင်ရာဝန်ထမ်းများ၊



ဒေသခံတိုင်းရင်းသားများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆုရကျောင်းသား ကျောင်းသူများနှင့် တက်ရောက်ကြသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ၂၀၁၈ ခုနှစ် (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးသိန်းက ဖတ်ကြားသည်။ ဆက်လက်ပြီး ပြည်ထောင်စုနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသည့် အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအား ခရိုင်အုပ်ချုပ်ရေး မှူးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံတိုင်းရင်းသားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြသည်။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ထုတ်ဝေသည့် (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ သတင်းစကား လက်ကမ်းစာစောင်ကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက တက်ရောက်လာကြသူများအား ဖြန့်ဝေပေးကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

---

## ဘူးသီးတောင်မြို့၌ (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား ကျင်းပ

**ဘူးသီးတောင် ဖေဖော်ဝါရီ ၁၂**
(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီခွဲတွင် ဘူးသီးတောင်မြို့ မြို့မအားကစားကွင်း၌ ကျင်းပရာ အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းထွန်းနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လွှတ်တော်အမတ်များ၊ မြို့မိမြို့ဖများ၊ ကျောင်းသား ကျောင်းသူများ၊ ရခိုင်တိုင်းရင်းသားမျိုးနွယ်စုများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားတက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းအား အလေးပြုကြသည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းထွန်းက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ၂၀၁၈ ခုနှစ် (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာအား ဖတ်ကြားသည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးက ဘူးသီးတောင်မြို့နယ်အတွင်းရှိ ရခိုင်တိုင်းရင်းသားမျိုးနွယ်စုများအား (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအထိမ်းအမှတ်အလံများပေးအပ်ကာ အမှတ်တရဓာတ်ပုံများ ရိုက်ကူးခဲ့ကြသည်။

ထို့နောက် (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် အားကစားပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# နေပြည်တော်ရှိ ဘုရားများနှင့် အပန်းဖြေနေရာများကို အနားယူအပန်းဖြေကြ

**အားလပ်ရက် သုံးရက်ဆက်တိုက်ရသည့်ကာလဖြစ်ပြီး ယနေ့ဆိုလျှင် အားလပ်ရက်၏ နောက်ဆုံးနေ့ဖြစ်ပါသည်။ မြန်မာနိုင်ငံအနှံ့ ဘုရားဖူးသွားခဲ့ရာမှ နေပြည်တော်ရှိ ဘုရားများနှင့် အပန်းဖြေနေရာများသို့ ဝင်ရောက် အနားယူ အပန်းဖြေကြသူများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ရေးသားတင်ပြလိုက်ရပါသည်။**



**ကိုဇေယျာမောင်**
**(ရန်ကုန်)**



**မမို့မို့စမ်းအောင်**
**(မြဝတီဘဏ်)**



**ကိုညာဏ်လင်း**
**(ခရေဝန်ထမ်းအိမ်ရာ)**



**ဆရာမ ဒေါ်အုန်းမြင့်(ငြိမ်း)**
**(ပုသိမ်မြို့)**



**မသီဂီ (စဉ့်ကိုင်မြို့**
**မန္တလေးတိုင်းဒေသကြီး)**



**ကိုအောင်ကိုမြတ်**
**(မန္တလေးမြို့)**

**ကိုအောင်ကိုမြတ် (မန္တလေးမြို့)**

အလုပ်အားတဲ့အချိန် မိသားစုနဲ့အတူ လွတ်လွတ်လပ်လပ် ထွက်ရတော့ ပျော်စရာလည်းကောင်းပါတယ်။ တစ်နှစ်လုံး အလုပ်တွေပဲ လုပ်နေရတာ ကုသိုလ်မလုပ်နိုင်ပါဘူး။ အခုလို ခရီးထွက်ရတော့ ကုသိုလ်လည်း လုပ်လို့ရတယ်။ ကျွန်တော်တို့မိသားစုက ကျိုက်ထီးရိုးစေတီ ဖူးပြီး ဘားအံကနေ နေပြည်တော်ကို လှည့်လာတာပါ။ နေပြည်တော်မှာတော့ ဥပ္ပါတသန္တိကို အရင်ဆုံး ဝင်ဖူးတာပါ။ ဒီဘုရားပြီးရင်တော့ ဗုဒ္ဓဂယာကို သွားရောက်ဖူးမြော်မှာပါ။

**မမို့မို့စမ်းအောင် (မြဝတီဘဏ်၊ ရေးမြို့၊ မွန်ပြည်နယ်)**

အခုလို အလုပ်နားရတဲ့ အချိန်လေးမှာ ခရီးထွက်ရတော့ ပျော်ပါတယ်။ မရောက်ဖူးတဲ့ နေရာတွေ သွားရတယ်။ အတွေ့အကြုံအသစ်တွေ၊ နေရာအသစ်တွေကို ရောက်ပါတယ်။ ဘုရာဖူးရတယ်ဆိုတော့ ကုသိုလ်လည်း ရတာပေါ့။ ပုဂံ၊ ပုပ္ပား၊ မန်းရွှေစက်တော်တို့ကို ရောက်ပြီး သွားပါပြီ။ နေပြည်တော်မှာတော့ သကျရံသီ၊ ဗုဒ္ဓဂယာတို့ ဖူးပြီးပါပြီ။ ဥပ္ပါတသန္တိဘုရားကို ဒုတိယအကြိမ်မြောက်လာဖူးဖြစ်တာပါ။ တစ်နှစ်တစ်ခါတော့ ပိတ်ရက်တွေမှာ ဘုရားဖူးသွားဖြစ်ပါတယ်။

**မသီဂီ (စဉ့်ကိုင်မြို့၊ မန္တလေးတိုင်းဒေသကြီး)**

သားသား စာမေးပွဲဖြေရင်းနဲ့ မိသားစုတွေနဲ့အတူ နေပြည်တော်ကို အမှတ်တရအနေနဲ့ လာတာပါ။ နှစ်တိုင်း ဒီအချိန်ဆို ဘုရားဖူးထွက်ဖြစ်ပါတယ်။ ဒီဘုရားဖူးပြီးရင် ရေပန်းဥယျာဉ်၊ ဗုဒ္ဓဂယာ၊ အမျိုးသားအထိမ်းအမှတ် ဥယျာဉ်နဲ့ လှေခွင်းတောင်တို့ကို ဆက်သွားမှာပါ။ ဒီနေ့နဲ့ဆို ဘုရားဖူးထွက်လာတာ လေးရက် ရှိသွားပါပြီ။ ဥပ္ပါတသန္တိဘုရားကိုတော့ အမြဲလိုလို ဖူးဖြစ်ပါတယ်။

**ကိုဇေယျာမောင် (ရန်ကုန်မြို့)**

အခုလိုပိတ်ရက်မှာ ချစ်ရတဲ့သူနဲ့ အတူခရီးသွားရတော့ ပျော်ပါတယ်။ ဥပ္ပါတသန္တိဘုရားဖူးပြီးရင်တော့ ရေပန်းဥယျာဉ်ကို ဆက်သွားမှာပါ။ မနက်ဖြန် ရုံးဖွင့်ပြီဆိုတော့ ပြန်တော့မှာပါ။

**ဆရာမ ဒေါ်အုန်းမြင့်(ငြိမ်း) (ပုသိမ်မြို့)**

ပိတ်ရက်မှာ ဘုရားဖူးသွားရတယ်ဆိုတော့ ပျော်တာပေါ့။ ဘုရားဖူးတယ်ဆိုတာက ကိုယ့်အိမ်က ဘုရားကလည်း ဘုရားပါပဲ။ ဒါပေမဲ့ ဒေသန္တရဗဟုသုတ အနေနဲ့ နယ်မြေအသစ်ကို သွားတာပါ။ အသက်အရွယ်အားဖြင့် နယ်မြေဒေသအသစ်ကို ရောက်တဲ့အခါမှာ စိတ်လည်းပေါ့ပေါ့ပါးပါး လန်းလန်းဆန်းဆန်းဖြစ်တာပေါ့။ အဲဒီရည်ရွယ်ချက်နဲ့ ထွက်လာတာပါ။ ပျော်လည်း ပျော်ခဲ့ရပါတယ်။ ပုသိမ်ကနေ စထွက်ပြီးတော့ မန်းရွှေစက်တော်၊ မင်းဘူး၊ နဂါးပွက်တောင်၊ မကွေးမြသလွန်၊ ပုဂံ ညောင်ဦးကနေ ဗုဒ္ဓဂယာဘုရားကို ရောက်ပါတယ်။ နေပြည်တော်မှာ တူလေးရှိလို့ ဥပ္ပါတသန္တိဘုရားမှာ အတူလာဆုံကြတာပါ။ ဒီဘုရားကတော့ နောက်ဆုံး ဘုရားဖူးခရီးစဉ်ပါ။

**ကိုညာဏ်လင်း (ခရေဝန်ထမ်းအိမ်ရာ၊ နေပြည်တော်)**

ပိတ်ရက်တွေမှာ ခရီးကတော့ ဝေးဝေးလံလံ မသွားဖြစ်ပါဘူး။ နီးနီးနားနားပဲ သွားဖြစ်ပါတယ်။ ထွေထွေထူးထူးတော့ သိပ်မရှိပါဘူး။ မိသားစုနဲ့ ခဏအပန်းဖြေဖို့ ဒီ Water City ကို လာတာပါ။ ရေကစားပြီးရင်တော့ ဥပ္ပါတသန္တိဘုရားဖူးပြီး ပြန်မှာပါ။ အလုပ်က ဖိစီးတော့ ပိတ်ရက်တွေမှာ နေပြည်တော်တစ်ဝိုက်တော့ သွားဖြစ်တာပါ။

**တွေ့ဆုံမေးမြန်း-အေးအေးသန့်**
**ဓာတ်ပုံ-ရွှေကိုလေး**

# ၂၀၁၈ အာရှ တာဝေး စက်ဘီးပြိုင်ပွဲနှင့် မသန်စွမ်းစက်ဘီးပြိုင်ပွဲ အောင်မြင်စွာကျင်းပပြီးစီး



**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

ပထမဆုံးအကြိမ် မြန်မာနိုင်ငံကအိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၁၈ အာရှ တာဝေးစက်ဘီးပြိုင်ပွဲနှင့် မသန်စွမ်းစက်ဘီးပြိုင်ပွဲ နောက်ဆုံးနေ့ကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှေ့၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က Individual Road Race Men Elite ၁၇၆ ကီလိုမီတာပြိုင်ပွဲကို သေနတ်ပစ်ဖောက်တာလွှတ်ပေးသည်။

ပြိုင်ပွဲကို နိုင်ငံပေါင်း ၁၅ နိုင်ငံမှ အားကစားသမား ၅၄ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး စံချိန် ၃ နာရီ ၅၀ မိနစ် ၃၂ စက္ကန့်ဖြင့် UAE နိုင်ငံမှ MIRZA AL-HAMMADI က ပထမဆု၊ ဂျပန်နိုင်ငံမှ Fumiyuki က ဒုတိယဆု၊ အီရန်နိုင်ငံမှ Mehdi SOHRABI က တတိယဆု ရရှိခဲ့ကြသည်။

ထို့နောက် အာရှစက်ဘီးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး Mr.Onkar Singh၊ အာရှစက်ဘီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ အင်ဒိုနီးရှားစက်ဘီးအဖွဲ့ချုပ် ဥက္ကဋ္ဌ Mr. Oktohari တို့က ဆုများချီးမြှင့်ကြသည်။

၂၀၁၈ အာရှတာဝေး စက်ဘီးပြိုင်ပွဲနှင့် မသန်စွမ်းစက်ဘီးပြိုင်ပွဲ အောင်မြင်စွာ ပြီးစီးခဲ့ပြီး မြန်မာနိုင်ငံ အပါအဝင် နိုင်ငံပေါင်း ၂၃ နိုင်ငံမှ အားကစားသမား ၄၁၅ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကာ ဂျပန်နိုင်ငံက ရွှေတံဆိပ် သုံးခု၊ ငွေတံဆိပ် သုံးခု၊ ကြေးတံဆိပ် နှစ်ခုဖြင့် ပထမ၊ တရုတ်နိုင်ငံက ရွှေတံဆိပ် သုံးခု၊ ငွေတံဆိပ် နှစ်ခုဖြင့် ဒုတိယ၊ ဟောင်ကောင်က ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ် ငါးခု၊ ကြေးတံဆိပ် တစ်ခုဖြင့် တတိယနေရာရရှိခဲ့ကြသည်။

**သတင်း-ကျော်သူထက်၊ ဓာတ်ပုံ-ကိုကိုစိုးညွန့်**

# မိုင်းခတ်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် အခမဲ့ ဆေးဝါးကုသခြင်းဆောင်ရွက်



**မိုင်းခတ် ဖေဖော်ဝါရီ ၁၂**

မိုင်းခတ်မြို့နယ်အတွင်း နေထိုင်ကြသည့် ဒေသခံတိုင်းရင်းသားများ ကျန်းမာစွာ နေထိုင်နိုင်ရေးအတွက် ကျန်းမာရေးဦးစီးဌာနမှ သွားဘက်ဆိုင်ရာဆရာဝန်နှင့် ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအားမဲတို့က ဖေဖော်ဝါရီ ၁၀ ရက် မွန်းလွဲ ၁ နာရီတွင် မိုင်းခတ်မြို့နယ်အတွင်းရှိ တုံဖကော်ကျေးရွာအုပ်စု နမ့်မော်ခမ်းကျေးရွာနှင့် နမ့်လတ်ကျေးရွာတို့သို့ ဆေးဝါးများ အခမဲ့ ကွင်းဆင်းကုသပေးခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီး ကျန်းမာရေးဆိုင်ရာအသိပညာများ သိရှိပြီး ကျန်းမာစွာ နေထိုင်နိုင်ရေးဆိုင်ရာများကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအားမဲက လည်းကောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဖြိုးထွဋ်ဘိုဘိုထွန်းနှင့် သွားဘက်ဆိုင်ရာဆရာဝန် ဒေါက်တာထက်နိုင်တို့ကလည်းကောင်း ဟောပြောကြပြီး လူနာ ၉၈ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးဝါးများ အခမဲ့ ကုသပေးခဲ့ကြောင်း သိရသည်။ **ဟိန်းလျှံဖြိုး**

# ပြည်ထောင်စုဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

နေပြည်တော် လယ်ဝေးမြို့နယ် ဘောလုံးဆပ်ကော်မတီက ကိုယ်ထူကိုယ်ထဖြင့် ကျင်းပသည့် ၂၀၁၈ ခုနှစ် (၇၁)ကြိမ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ရပ်၊ ကျေး ပေါင်းစုံ အမျိုးသားအလွတ်တန်း ပြည်ထောင်စုဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီခွဲခန့်က လယ်ဝေးမြို့နယ်ရှိ လေ့ကျင့်စင်တာ (၂)၌ ကျင်းပသည်။

ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် လယ်ဝေး(ခ)အသင်းနှင့် GALAXY STAR အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ လယ်ဝေး(ခ)အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားကြောင်း သိရသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက် ကျင်းပရာ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးကစားသမားဆု၊ ဂိုးအများဆုံး ဆုနှင့် နေရာလိုက်အကောင်းဆုံး ကစားသမားဆုများကို ချီးမြှင့်ခဲ့ပြီး တတိယဆုရရှိသော အသင်းနှင့် ဒုတိယဆုရရှိကြသော GALAXY STAR အသင်းတို့အား ငွေသားဆုနှင့် တစ်ဦးချင်းဆုတံဆိပ်များကို သက်ဆိုင်ရာမှ တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ပြီး ပထမရရှိသော လယ်ဝေး(ခ)အသင်းအား ငွေသားဆုနှင့် တစ်ဦးချင်း ဆုတံဆိပ်အပြင် ဆုဖလားအား ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးကျော်ကျော်က ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ဇင်ဘို**

# ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ


**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၈၀၅ စီး၊ သွင်းကုန် ၉၀၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၉ စီး၊ သွင်းကုန် ၁၄၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၈ ဒသမ ၅၇၀ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၇၄၄ သန်းခန့်) စုစုပေါင်းတားဆီးမှု ခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂ ဒသမ ၃၁၄ သန်းခန့်) ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားသိမ်းဆည်းမှုအနေဖြင့် ဖေဖော်ဝါရီ ၁၁ ရက်တွင် မူဆယ်မြို့နှင့် မန္တလေးမြို့တို့သို့ သွားရောက်မည့်ယာဉ်များကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် မန္တလေးသို့သွားရောက်မည့် ခရီးသည်တင်ယာဉ်တစ်စီး၊ ကင်တာခြောက်ဘီးယာဉ် တစ်စီးနှင့် ယာဉ်ငယ်တစ်စီးတို့ကို စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်နှင့် စားသောက်ကုန် ၂၅ မျိုး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈ ဒသမ ၅၇၀ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**






# သဘော်ကျင်းလုပ်ငန်းခွင်အတွင်း ဝရိန်ဆော်ရာမှ ပေါက်ကွဲမှုဖြစ်ပွား အမျိုးသားတစ်ဦး သေဆုံးပြီး ငါးဦးဒဏ်ရာရရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၌ ယနေ့နံနက်ပိုင်းက သဘော်ကျင်းတွင် လွှန်းတင်ထားသည့် တည်ဆောက်ဆဲ ကုန်တင်သဘော်တွင် ဝရိန်ဆော်ရာမှ ပေါက်ကွဲမှုဖြစ်ပွားပြီး အမျိုးသားတစ်ဦးသေဆုံး၍ ငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

လှိုင်သာယာမြို့နယ် အမှတ်(၂)ရပ်ကွက် စက်မှုဇုန်အပိုင်း (၇) ဆိပ်ကမ်းသာလမ်းရှိ ဦးမျိုးဝေ ပိုင်ဆိုင်သည့် Family Win သဘော်ကျင်းတွင် ယနေ့နံနက် ၈ နာရီ ၁၀ မိနစ်က လွှန်းတင်ထားသည့် အမ်ဗွီ အမာရာ-၇ တည်ဆောက်ဆဲ ကုန်တင်သဘော်၏ တက်မခန်းအတွင်း သဘော်ကျင်းလုပ်သား ကိုလွင်ကိုကိုမောင်က ဝရိန်ဆော်ရာမှ မီးပွားများပွင့်ထွက်ကာ အခန်းအတွင်းရှိ တာပင်တိုင်ဒြပ်နှော့အား ထိတွေ့ကူးစက်ကာပေါက်ကွဲမှုဖြစ်ပွားသည်။ ပေါက်ကွဲမှုကြောင့် ကိုလွင်ကိုကိုမောင်မှာ ခန္ဓာကိုယ်အပိုင်းပိုင်းပြတ်၍ သေဆုံးသွားခဲ့သည်။

ကျန်ရှိသည့် သဘော်လုပ်သားများဖြစ်သည့် ကိုမျိုးကျော်သူထွန်း (မစိုးရိမ်ရ)၊ ကိုအောင်ပြည့်ဟိန်း (မစိုးရိမ်ရ)၊ ကိုမင်းထက်(စိုးရိမ်ရ)၊ ကိုအောင်ဇေယျာဝင်း (စိုးရိမ်ရ)၊ ကိုကျော်ကျော်(စိုးရိမ်ရ)တို့မှာ ဒဏ်ရာများ အသီးသီးရရှိသဖြင့် လှိုင်သာယာ၊ အင်းစိန်နှင့်ရန်ကုန်ပြည်သူ့ဆေးရုံကြီးတို့တွင် အသီးသီးတက်ရောက်ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**အောင်သူရ**

# ပုလဲမြို့နယ်တွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း တရားမဝင်သစ် ၁၅၂ တန်ကျော်နှင့် မော်တော်ယာဉ် ၁၅ စီး သိမ်းဆည်းရမိ

**ပုလဲ ဖေဖော်ဝါရီ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်သစ်တောဦးစီးဌာနသည် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သစ်တောရဲတပ်ဖွဲ့နှင့် ပူးပေါင်း၍ တရားမဝင်သစ်များ ခိုးယူခြင်း၊ ခုတ်လှဲခြင်း၊ သယ်ဆောင်ခြင်းများကို စီမံချက်ချ၍ လျှပ်တစ်ပြက် စစ်ကြောင်းအသွန်သဏ္ဍာန်ဖြင့် ကာကွယ်ဖမ်းဆီးလျက်ရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း တရားမဝင်သစ် ၁၅၂ ဒသမ ၂၈၆၅ တန်၊ ဆက်စပ်မော်တော်ယာဉ် ၁၅စီးနှင့် ပြစ်မှုကျူးလွန်သူ ၁၄ ဦးကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ပုလဲမြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်လင်းက သစ်တောဦးစီးဌာန ဝန်ထမ်းများအနေဖြင့် မြို့နယ်အတွင်းမှာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သစ်တောရဲတပ်ဖွဲ့တို့နှင့်ပူးပေါင်း၍ တရားမဝင်သစ်များ ခိုးယူခြင်း၊ ခုတ်လှဲခြင်း၊ သယ်ဆောင်ခြင်းများကို စီမံချက်ချ၍ လျှပ်တစ်ပြက်စစ်ကြောင်းအသွင်သဏ္ဍာန်ဖြင့် ကာကွယ်ဖမ်းဆီးမှုကို အရှိန်မြှင့်တင် ဆောင်ရွက်ခဲ့ရာမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ကျွန်းသစ် ၁၈ လုံး ( ၃ ဒသမ ၀၃၇၂တန် )၊ ကျွန်းခွဲသား ၁၅၄ ချောင်း (၁၃ ဒသမ ၃၃၁၄ တန်)၊ သုံးပေအောက် ကျွန်းသစ်နှစ်လုံး(သုည ဒသမ ၃၇၂တန်)၊ သစ်မာသစ် အလုံး ၂၀ (၃ ဒသမ ၆၆၆ တန်)၊ သစ်မာခွဲသား ၁၅၈၂ ချောင်း(၁၁၇ ဒသမ၂၉၈၉ တန်)၊ သုံးပေအောက် သစ်မာသစ် ငါးလုံး(သုည ဒသမ ၄၉၈ တန်)၊ အခြား သစ် ၁၂ လုံး(၂ ဒသမ ၁၈၂ တန်)၊ အခြားခွဲသား၂၅၂ ချောင်း (၁၁ ဒသမ ၇၃၃၀တန်)နှင့် သုံးပေအောက် အခြားသစ်တစ်လုံး(သုည ဒသမ ၁၆၈ တန်) စုစုပေါင်း တရားမဝင်သစ် ၁၅၂ ဒသမ ၂၈၆၅ တန်၊ ဆက်စပ်



မော်တော်ယာဉ် ၁၅ စီးနှင့် ပြစ်မှုကျူးလွန်သူ ၁၄ ဦးကို ဖမ်းဆီးရမိကြောင်း ပြောသည်။

ပုလဲမြို့နယ်အတွင်း တရားမဝင်သစ်ထုတ်လုပ်မှု လျော့နည်းပပျောက်ရေးအတွက် ကျေးရွာများသို့ ကွင်းဆင်း၍ ပညာပေးဟောပြောဆွေးနွေးပွဲများ ဆောင်ရွက်ခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သစ်တောရဲတပ်ဖွဲ့နှင့်ပူးပေါင်း၍ ဖမ်းဆီးခြင်းလုပ်ငန်းကို အရှိန်တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်းကို မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရွှေဘိုမြို့တွင် ငွေကျပ်သိန်း ၂၄၂၀ တန်ဖိုးရှိ ဘိန်းဖြူများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

ရွှေဘိုခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၁ ရက် ည ၁၀ နာရီခွဲက ရွှေဘိုမြို့ ရွှေဘို-ရေဦးကားလမ်း မြို့ထွက်မောင်းတံဂိတ်၌ ကျင်ဇတွန်း မောင်းနှင်ပြီး လန်ခန့်ဆူမ် လိုက်ပါလာသည့် မော်တော်ယာဉ်ကို စစ်ဆေးရန်ရပ်တန့်ခိုင်းသည့်အတွက် မောင်းနှင်ထွက်ပြေးသွားရာ ရွှေဘိုမြို့နယ် မင်္ဂလာကျေးရွာအနီး မိုင်တိုင်(၇/၁)နှင့် (၇/၂)ကြားတွင် မော်တော်ယာဉ်မှာ လမ်းဘေးသို့ ထိုးကျသွား၍ ရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၂၄၂ ခွက် (အလေးချိန် ၂ ဒသမ ၄၂ ကီလို) သိမ်းဆည်းရမိခဲ့သဖြင့် ကျင်ဇတွန်းနှင့် လန်ခန့်ဆူမ်(၄၈)နှစ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

အလားတူ မူးယစ်တပ်ဖွဲ့စု(၁၆)ပြင်ဦးလွင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၁ ရက် ညနေ ၆ နာရီခွဲက မိုးကုတ်မြို့နယ် မိုင်းလုံ-မိုးကုတ်သွားကားလမ်း မိုးကုတ်မြို့အဝင်၌ စိုင်းဟန်လူး မောင်းနှင်ပြီး စိုင်းအုံး လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၁၂ ခွက်(အလေးချိန် ၁၃၆ ဂရမ်) ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့မွန်းလွဲ ၂ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ဖန်မင်အုပ်စု ဝမ်ကျောက်လုံ-ပန်စလိကျေးရွာသွား ကားလမ်းဘေးရှိ မနားတီ၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# တရုတ်နိုင်ငံသားထံ အမျိုးသမီးနှစ်ဦး ရောင်းစားခဲ့သူအား လူကုန်ကူးမှုဖြင့် အမှုဖွင့်

**မိတ္ထီလာ ဖေဖော်ဝါရီ ၁၂**

တရုတ်အမျိုးသားတစ်ဦးထံသို့ အိမ်ထောင်လက်ထပ်ရန် ရောင်းစားခဲ့သည့် အမျိုးသမီးအား ဖေဖော်ဝါရီ ၁၁ ရက်က ညောင်ဦးမြို့နယ် လက်ပံခြေပေါ် ရဲကင်းစခန်းက လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေဖြင့် အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ညောင်ဦးမြို့နယ် လက်ပံခြေပေါ် ကျေးရွာအုပ်စု ကုက္ကိုလ်ကုန်းရွာသို့ ဇန်နဝါရီ ၂၄ ရက်က ရခိုင်ပြည်နယ် အမ်းမြို့ လေယာဉ်ကွင်း ရပ်ကွက်နေ မခင်ခင်လှ ရောက်ရှိလာပြီး ကုက္ကိုကုန်းရွာနေ ဒေါ်----နှင့် သမီးဖြစ်သူ မ----တို့ နှစ်ဦးအား ရခိုင်ပြည်နယ် အမ်းမြို့ရှိ ထမင်းနှင့် အရက်တွဲရောင်းသော ဆိုင်တွင် အလုပ်ရမည်၊ တစ်လကျပ်တစ်သိန်းရမည်၊ တစ်နှစ်စာအတွက် ငွေကျပ် ၁၂ သိန်းအား ကြိုတင်ငွေအဖြစ် ပေးမည်ဖြစ်ကြောင်း ပြောဆိုစည်းရုံးကာ မ----(၂၁)နှစ်အား ရခိုင်ပြည်နယ် အမ်းမြို့သို့ မခေါ်ဆောင်ဘဲ တရုတ်နိုင်ငံရှိ တရုတ်အမျိုးသားတစ်ဦးထံသို့ အိမ်ထောင်လက်ထပ်ရန် ရောင်းစားခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စိတ်(၁)မိတ္ထီလာက ပြစ်မှုကျူးလွန်သူ မခင်ခင်လှအား ဥပဒေဖြင့် အရေးယူပေးပါရန် ညောင်ဦးမြို့နယ် လက်ပံခြေပေါ် ရဲကင်းစခန်းသို့ တိုင်တန်းရာ ရဲစခန်းက မခင်ခင်လှအား လူကုန်ကူးမှု တားဆီးကာကွယ်ရေးဖြင့် အမှုဖွင့်ဆောင်ရွက်ထားရှိသည်။ လူကုန်ကူးခံရသူ မ---အား ကယ်တင်ရရှိရေးအတွက် အမှတ်(၁၇) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့(မူဆယ်)နှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

# နယူးကာဆယ်ကို အရေးနိမ့်ပြီးနောက် မန်ယူတိုက်စစ်ကစားသမားများကို မော်ရင်ဟို ပြစ်တင်

မန်ယူ တိုက်စစ်ကစားသမားတွေ အနေနဲ့ အခွင့်အရေးတွေကို အသုံး မချနိုင်ခဲ့လို့ မန်ယူအသင်း ရှုံးပွဲ ကြုံတွေ့ခဲ့ရတာဖြစ်တယ်လို့ မန်ယူ နည်းပြ မော်ရင်ဟိုက လူသိရှင်ကြား ပြစ်တင်ဝေဖန်ခဲ့ပါတယ်။ မန်ယူဟာ အဲဒီပွဲစဉ်မှာ အခွင့်အရေးမြောက်မြားစွာ ရရှိခဲ့ပေမယ့် ဆန်းချက်ဇ်၊ မာရှယ်လ်နဲ့ လူကာကူတို့လို တိုက်စစ်ကစားသမားတွေ ရတဲ့အခွင့်အရေးတွေကို အသုံး မချနိုင်ခဲ့သလို ကွင်းလယ်ပိုင်းကို ဦးဆောင်ကစားခဲ့တဲ့ မာတစ်နဲ့ ပေါ့ဘာတို့လည်း ပေါ့လျော့လွန်းခဲ့တယ်လို့ မော်ရင်ဟိုက ပြစ်တင်ခဲ့တာပါ။ မော်ရင်ဟိုအနေနဲ့ကလည်း နယူးကာဆယ်ကွင်းမှာ သွားကစားရတိုင်း အစဉ်အလာဆိုးရှိတဲ့ နည်းပြဖြစ်ကာ ချယ်လ်ဆီး၊ မန်ယူတို့ကို ကိုင်တွယ်စဉ်အတွင်း နယူးကာဆယ်ကို ရင်ဆိုင်ရာမှာ ခုနစ်ပွဲအထိ နိုင်ပွဲ ပျောက်ခဲ့တာ ဖြစ်ပါတယ်။

မော်ရင်ဟိုက ဒါဟာ စိတ်ပိုင်းဆိုင်ရာ ဖိအားရဲ့ သက်ရောက်မှုလို့ ဆိုခဲ့ပေမယ့် မန်ယူတိုက်စစ်မှူးတွေရဲ့ အံ့အားသင့်ဖွယ် ကောင်းလောက်အောင် ဂိုးပေါက် လွဲချော်မှုအပေါ်ကိုတော့ "ကျွန်တော်တို့အနေနဲ့ အခွင့်အရေးတွေ များစွာရခဲ့ပေမယ့် နောက်ဆုံးမှာ ရှုံးနိမ့်ခဲ့တယ်ဆိုတာ ခင်ဗျားတို့အမြင်ပဲ၊ ပထမပိုင်းအစမှာ အန်ထော်နီက ဂိုးသမားနဲ့ တစ်ယောက်ချင်း တွေ့ခဲ့တာ၊ ဒုတိယပိုင်းမှာ ဆန်းချက်ဇ်အနေနဲ့ အဖွင့်ဂိုးရနိုင်မယ့် အခွင့်အရေးတွေ များစွာရှိခဲ့ပေမယ့် အံ့အားသင့်ဖွယ်ကောင်းလောက်အောင် လွဲချော်ခဲ့တာ ဖြစ်ပါတယ်"လို့ ပွဲအပြီးမှာ ပြောကြားခဲ့တာ ဖြစ်ပါတယ်။



ယခုလို မန်ယူရဲ့ ရှုံးပွဲက မန်စီးတီး အတွက် အခွင့်အရေးကောင်းဖြစ်ခဲ့ပြီး ဧပြီ ၇ ရက် အီတီဟာဒ်ကွင်းမှာ ကစားမယ့်ပွဲမှာသာ မန်စီတီး အနိုင်ရခဲ့ရင် မန်စီးတီး ချန်ပီယံဖြစ်တော့မှာပါ။ ဒါကြောင့်လည်း မော်ရင်ဟိုက "အလွတ်တည်ကန်ဘောဟာ အန္တရာယ်ရှိတဲ့ အနေအထားက မဟုတ်ရင်တောင်၊ ဂိုးနဲ့ဝေးကွာတယ်ဆိုရင်တောင် ကစားသမားတွေက သူတို့ ဘယ်လိုနေရာယူရမလဲဆိုတာ သိတယ်၊ သူတို့ဟာ လေပေါ်က လှုပ်ရှားမှုတွေကို တားဆီးနိုင်ဖို့ ပျက်ကွက်တာပါ"လို့ ပြစ်တင်ခဲ့ပါတယ်။

အဆိုပါ အလွတ်တည်ကန်ဘောမှာ ခရစ်စမောလင်း၏ မိုက်မဲတဲ့ ဒိုက်ထိုးဖျက်ထုတ်မှုကြောင့် ပေးခဲ့ရတာ ဖြစ်ပေမယ့် မော်ရင်ဟိုက စမောလင်းရဲ့လုပ်ရပ်ကိုတော့ ပြစ်တင်ခဲ့ခြင်း မရှိပါဘူး။

## ချယ်လ်ဆီး (သို့မဟုတ်) အာဆင်နယ်ကို လာမည့်ရာသီတွင် အင်းနရစ် ကိုင်တွယ်မည်ဟု သတင်းထွက်

ဘာစီလိုနာနည်းပြဟောင်း အင်းနရစ်မှာ လာမည့်ဘောလုံးရာသီအတွင်း ပရီမီယာလိဂ်တွင် နည်းပြအဖြစ် ဆောင်ရွက်မည်ဖြစ်ရာ ချယ်လ်ဆီး (သို့မဟုတ်) အာဆင်နယ်အသင်းကို ကိုင်တွယ်ဖြစ်လိမ့်မည်ဖြစ်ကြောင်း သတင်းများထွက်ပေါ်လာခဲ့သည်။

ချယ်လ်ဆီးအသင်းက ကွန်တီကို ထုတ်ပယ်ဖြစ်ပါက အင်းနရစ်ကို အစားထိုးရန်ရှိနေသလို အာဆင်နယ်သည်လည်း နည်းပြ ဝင်းဂါးသာ ယခုနှစ် ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ဝင်ခွင့် ရရှိအောင် ဦးဆောင်နိုင်ခြင်းမရှိပါက နည်းပြ အပြောင်းအလဲလုပ်ရန် ပြင်ဆင်ထားပြီးဖြစ်ရာ အင်းနရစ်မှာ အဆိုပါနှစ်သင်း၏ အဓိကပစ်မှတ်အဖြစ် သတင်းထွက်လာခြင်းဖြစ်သည်။

ပီအက်စ်ဂျီအသင်းနည်းပြ အမ်မရီသည်လည်း လာမည့်နွေတွင် အသင်းနှင့် လမ်းခွဲရန်ရှိနေရာ ပီအက်စ်ဂျီကလည်း အင်းနရစ်ကို ဆက်သွယ်နေသည်။ သို့သော် အင်းနရစ်ကိုယ်တိုင်ကမူ ပြင်သစ်လိဂ်ထက် ပရီမီယာလိဂ်တွင်သာ နည်းပြအဖြစ် ဆောင်ရွက်ရန် လိုလားနေပြီး အာဆင်နယ်(သို့မဟုတ်) ချယ်လ်ဆီးကို ကိုင်တွယ်မည်လားဆိုသည်ကိုသာ ဦးစားပေးစဉ်းစားနေကြောင်း စပိန်မှလာသော သတင်းရင်းမြစ်များက ဖော်ပြသည်။ ချယ်လ်ဆီးက အင်းနရစ်အပြင် နာပိုလီနည်းပြ ဇာရီကိုလည်း ကွန်တီနေရာ အစားထိုးရန် ချိတ်ဆက်နေကြောင်း သိရသည်။


## လီဗာပူးတွင် ကာလရှည်ဆက်ရှိရန် ဖာမီနိုလိုလား


တိုက်စစ်မှူး ဖာမီနိုက နည်းပြ ယာဂန်ကလော့ပ် လက်အောက်တွင် ပရီမီယာလိဂ် အကောင်းဆုံးကစားသမားတစ်ဦးဖြစ်လာခဲ့ပြီး သူကိုယ်တိုင်ကလည်း အသင်းပြောင်းရွှေ့ရန် စဉ်းစားထားခြင်းမရှိဘဲ လီဗာပူးတွင်သာ ကာလရှည်ကြာ ဆက်လက်ကစားရန် ဆုံးဖြတ်ထားကြောင်း ဖွင့်ဟပြောကြားလိုက်ပြီဖြစ်သည်။

အသက်(၂၆)နှစ်အရွယ် ဖာမီနိုက "လီဗာပူးဟာ ဥရောပမှာ အစဉ်အလာအကြီးဆုံးအသင်းတစ်သင်းဖြစ်ပါတယ်၊ ဒီလို အသင်းကြီးတစ်သင်းရဲ့ အစိတ်အပိုင်းတစ်ရပ်ဖြစ်ခွင့်ရတာက ကျွန်တော့်အတွက် ဂုဏ်ယူစရာပါ၊ ကျွန်တော် လီဗာပူးမှာ ပျော်ရွှင်နေပြီး နောင်နှစ်တွေ အတော်ကြာတဲ့အထိ ကျွန်တော့်ကိုယ်ကျွန်တော် ဒီအသင်းကနေ ထွက်ခွာမယ်လို့ မမြင်မိပါဘူး"ဟု အီတိုစပို့သို့ ဖြေကြားခဲ့သည်။

ဆက်လက်ပြီး ၎င်းကပင် နည်းပြ ယာဂန်ကလော့ပ် လီဗာပူးသို့ ရောက်ရှိလာခြင်းက သူ၏ ခြေစွမ်းတိုးတက်မှုအပေါ် များစွာအထောက်အပံ့ဖြစ်ခဲ့ပြီး ဗဟိုတိုက်စစ်နေရာသို့ ပြောင်းလဲကစားခဲ့ရခြင်းက သူ့ဘဝအတွက် အလှည့်အပြောင်း များစွာဖြစ်စေခဲ့ကြောင်း ဆိုခဲ့သည်။

မေလှသဲ့သင်း-ရေးသားသည်





## ဘလွန်းဒီအောဆုကို ဒီဘရိုင်း ရရှိရန် ချန်ပီယံလိဂ်ဖလား ဆွတ်ခူးရန်လိုဟု ဂွါဒီယိုလာ ရှုမြင်

ဒီဘရိုင်းအနေဖြင့် ဘလွန်းဒီအောဆုရရှိရန် ချန်ပီယံလိဂ်ဖလားကဲ့သို့ ဖလားမျိုး ကိုင်မြှောက်နိုင်ရန် လိုအပ်ကြောင်း မန်စီးတီးနည်းပြ ဂွါဒီယိုလာက သုံးသပ်ခဲ့သည်။ သို့သော် ဂွါဒီယိုလာက ဒီဘရိုင်းမှာ ဘလွန်းဒီအောဆုကို စိန်ခေါ်နိုင်မည့် အနေအထားဖြစ်လာပြီဖြစ်ကြောင်း ဆိုခဲ့ကာ "ဒီအတွက် ကျွန်တော် သံသယမရှိပါဘူး၊ စိန်ခေါ်နိုင်တဲ့သူဖြစ်ဖို့အတွက် သူ့အနေနဲ့ ခင်ဗျားအနေနဲ့ ချန်ပီယံလိဂ်လိုဖလားမျိုး ရရှိဖို့လိုပါတယ်၊ သူ လက်စတာနဲ့ပွဲမှာ ဘယ်လို ကစားခဲ့သလဲဆိုတာ မြင်တွေ့ခဲ့ရပြီး သူဟာ ဥရောပမှာ ပိုကောင်းတဲ့ ကစားသမားဖြစ်လာပါပြီ"ဟု ဒီဘရိုင်း၏ စွမ်းဆောင်ရည်အပေါ် ချီးကျူးစကားဆိုခဲ့သည်။

စနေနေ့က ကစားခဲ့သည့် လက်စတာကို အနိုင်ရသည့် ပွဲစဉ်တွင် ဒီဘရိုင်းမှာ တစ်ဦးတည်းဂိုးဖန်တီးမှု သုံးကြိမ် ပြုလုပ်နိုင်ခဲ့ပြီးနောက် ယခုနှစ် ဘောလုံးရာသီအတွင်း ဂိုးဖန်တီးမှု စုစုပေါင်း ၁၄ ကြိမ်အထိ ပြုလုပ်ထားနိုင်ခဲ့ပြီဖြစ်သော်လည်း ဂွါဒီယိုလာက တစ်ပွဲတလေ ခြေစွမ်းပြနိုင်ရုံဖြင့် ဘလွန်းဒီအောဆု ရရှိမည်မဟုတ်ကြောင်း ထောက်ပြခဲ့သည်။

ဒီဘရိုင်းက "ကျွန်တော့်ဘက်က အသင်းနဲ့အတူ ဖလားတွေ များစွာ ကိုင်မြှောက်နိုင်ဖို့ အစွမ်းရှိသလောက် လုပ်ဆောင်သွားမှာပါ၊ ဒီအတွက် အပိုဆု အနေနဲ့ ကျွန်တော်ဘာရမလဲ၊ ဘာပဲဖြစ်ဖြစ် ဒီအတွက် ကျွန်တော် ကျေနပ်ရပါတယ်"ဟု ဆိုခဲ့သည်။

ဒီဘရိုင်းမှာ ၂၀၁၇ ခုနှစ် ဘလွန်းဒီအောဆုစာရင်းတွင် အဆင့်(၁၇) နေရာတွင်သာ ရပ်တည်နိုင်ခဲ့ပြီး လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း ဘလွန်းဒီအောဆုကို မက်ဆီနှင့် စီရိုနယ်လ်ဒိုတို့က တစ်ဦးကို ငါးကြိမ်စီ ရရှိခဲ့ကြသည်။ မက်ဆီနှင့် စီရိုနယ်လ်ဒိုတို့ရှေ့က ဘလွန်းဒီအောဆုကို နောက်ဆုံးရရှိခဲ့သူမှာ ကာကာဖြစ်ပြီး ပြီးခဲ့သည့် ၁၁ နှစ်တာကာလအတွင်း ချန်ပီယံလိဂ်ဖလား ရရှိခဲ့သည့်အသင်းများမှ ကစားသမားများက ဘလွန်းဒီအောဆုကို ရှစ်ကြိမ်တိုင် ဆွတ်ခူးနိုင်ခဲ့သည့် အစဉ်အလာရှိခဲ့ပြီဖြစ်သည်။

မန်စီးတီးသည် ယခုအထိ ဖလားလေးလုံးလမ်းကြောင်းထက်တွင် ဆက်ရှိနေဆဲဖြစ်ပြီး ဖေဖော်ဝါရီ ၁၉ ရက်တွင် ဝီဂန်အသင်းနှင့် အက်ဖ်အေဖလား ပဥ္စမအဆင့်၊ ဖေဖော်ဝါရီ ၂၅ ရက်တွင် အာဆင်နယ်နှင့် လိဂ်ဖလားဗိုလ်လုပွဲ၊ ချန်ပီယံလိဂ် ၁၆ သင်းအဆင့်တွင် ဘေဆယ်လ်နှင့် တွေ့ဆုံယှဉ်ပြိုင်ရဦးမည် ဖြစ်သည်။

### ယခုနှစ် ပရီမီယာလိဂ်တွင် ဂိုးဖန်တီးမှုအများဆုံး ကစားသမားများ

| ကစားသမားအမည် | ဂိုးဖန်တီးမှုအကြိမ်ရေ |
|---|---|
| ဒီဘရိုင်း(မန်စီးတီး) | ၁၄ ကြိမ် |
| ဆာနေး(မန်စီးတီး) | ၁၀ ကြိမ် |
| ပေါ့ဘာ(မန်ယူ) | ၉ ကြိမ် |
| မစ်ခီတာယန်(အာဆင်နယ်) | ၈ ကြိမ် |
| ဆေးလ်ဗား( မန်စီးတီး) | ၈ ကြိမ် |
| အယ်လီ(စပါး) | ၇ ကြိမ် |
| မာရက်ဇ်(လက်စတာ) | ၇ ကြိမ် |
| အိုဇေးလ်(အာဆင်နယ်) | ၇ ကြိမ် |

# နတ်မောက်မြို့နယ်၏ ပထမဆုံးဖြစ်သည့် မြတ်ဂုဏ်ပြည့်ဘိုးဘွားရိပ်သာဖွင့်

**နတ်မောက် ဖေဖော်ဝါရီ ၁၂**

ဗိုလ်ချုပ်အောင်ဆန်း၏ (၁၀၃)နှစ်ပြည့် မွေးနေ့ကိုဂုဏ်ပြုသောအားဖြင့် နတ်မောက်မြို့နယ်၏ ပထမဆုံးဖြစ်သည့် မြတ်ဂုဏ်ပြည့် ဘိုးဘွား ရိပ်သာကို ယနေ့နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး နတ်မောက် မြို့နယ် ရေင်ကျေးရွာအုပ်စု ပ/ကျားထူးရွာရှိ အဆိုပါ ဘိုးဘွား ရိပ်သာဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် နတ်မောက်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်တင်လင်း၊ ပင်မစစ်လက်နက်ပစ္စည်းတပ် (နတ်မောက်)မှ တပ်မှူး ဗိုလ်မှူးကြီးနိုင်ဝင်းဇော်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ ကမ္ပည်းကျောက်စာတိုင်အား နံ့သာရည်ဖြင့်ပက်ဖျန်းပေးသည်။

ထို့နောက် မြတ်ဂုဏ်ပြည့်ဘိုးဘွားရိပ်သာ တည်ဆောက်ရသည့်ရည်ရွယ်ချက်မှာ အကြောင်းအမျိုးမျိုးကြောင့် မှီခိုအားထားရာမဲ့နေသည့် အဘိုးအဘွားများ၏ စားဝတ်နေရေး၊ ကျန်းမာရေးမှ အစပြု၍ အေးချမ်းစွာ တရားအားထုတ်ခွင့်ရရှိစေပြီး မျက်မှောက် မအေးချမ်းသောဘဝမှ နောင်သံသရာအေးချမ်းသောဘဝ ရရှိစေရန်ဖြစ်ကြောင်းနှင့် ဘိုးဘွားရိပ်သာ၌ အဘိုး ၂၀၊ အဘွား ၂၀ စုစုပေါင်း အဘိုးအဘွား ၄၀ ဖြင့် စတင်လက်ခံဆောင်ရွက်ပြုစုစောင့်ရှောက်သွားမည်ဖြစ်ကြောင်းနှင့် ဖွင့်ပွဲကျင်းပသည့်နေ့တွင် ဘိုးဘွား ၂၃ ဦးကို လက်ခံခဲ့ကြောင်း သိရသည်။

အဆိုပါဘိုးဘွားရိပ်သာ၌ အသက်(၇၀)ပြည့်ပြီးသော သားသမီးဆွေမျိုးမရှိ ခိုကိုးရာမဲ့ဘိုးဘွားများ၊ သားသမီး၊ ဆွေမျိုးရှိသော်လည်း သားသမီးများ၏ လျစ်လျူရှုခြင်းခံရသော ဘိုးဘွားများအား လက်ခံသွားမည်ဖြစ်ပြီး စိတ်မဖောက်ပြန်သူများနှင့် ကူးစက်ရောဂါမရှိသူ၊ မိမိကိုယ်တိုင် ကျင်ကြီးကျင်ငယ် စွန့်နိုင်သူများ၊ အကျင့်စာရိတ္တကောင်းမွန်သူများကိုသာ လက်ခံသွားမည်ဖြစ်သည်။

ရိပ်သာမှ ဘိုးဘွားများ စားဝတ်နေရေး၊ ကျန်းမာရေး၊ ဘဝကူးကောင်းစေရေးတို့ကို ရှေးရှု၍ စိတ်အေးချမ်းသာစွာ တရားအားထုတ်နိုင်ရန် ရိပ်သာကြီးကြပ်မှုကော်မတီက ပြုစုစောင့်ရှောက်သွားမည်ဖြစ်ပြီး ဘိုးဘွားရိပ်သာသို့ ပါဝင်လှူဒါန်းလိုပါက ဖုန်း-၀၉-၆၅၂၀၇၄၇၊ ၀၉-၄၀၁၅၄၄၀၈၁၊ ၀၉-၇၉၇၂၀၀၇၄၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**နိုင်လင်းကြည်**



# စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး အကောင်းဆုံး စွမ်းဆောင်နိုင်သူများချီးမြှင့်

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

အင်းစိန်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဧရာဝတီခန်းမ၌ ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းက ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် B ငါးလုံးနှင့် ပြည့်စုံပြီး ခိုင်မာစုံညီသော စာကြည့်တိုက်များ၊ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်းဆုံး စွမ်းဆောင်နိုင်သည့် ဆုများ ချီးမြှင့်ရာ ပထမဆုံးအကြိမ်အဖြစ် စံပြဆုရရှိသည့် မြို့သစ်(ဂ) ရပ်ကွက် အမြင်သစ်စာကြည့်တိုက်၊ ပထမဆုရရှိသော ရွာမအနောက်ရပ်ကွက် မင်းစေတီစာကြည့်တိုက်၊ ဒုတိယဆုရရှိသည့် နံ့သာကုန်းရပ်ကွက် နံ့သာရွှေရည်စာကြည့်တိုက်၊ တတိယဆုရရှိသည့်မြို့သစ်(က+ခ)ရပ်ကွက်၊ က/၃လမ်း မိသားစုစာကြည့်တိုက်များအား မြို့နယ်အုပ်ချုပ်ရေးမှူး၊ ပြန်/ဆက်ဦးစီးမှူးနှင့် တာဝန်ရှိသူတို့က ဆုများအသီးသီး ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ညဏ်ဟိန်း**



# မိုင်းယောင်းမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်

**မိုင်းယောင်း ဖေဖော်ဝါရီ ၁၂**

ကျေးလက်နေပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP)ရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ် ဟောင်ကြန့်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းနိုင်အောင်နှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းလောင်မိုင်းတို့က အမှာစကား ပြောကြားကြသည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းနိုင်အောင်နှင့် မြို့နယ်ကျေးလက်ဦးစီးမှူး ဦးစိုင်းလောင်မိုင်းတို့က ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၁၀၀ အား လွှဲပြောင်းပေးအပ်ရာ ဟောင်ကြန့်ကျေးရွာမှ ဦးစိုင်းကောင်က လက်ခံရယူသည်။

**နေလင်း(ညောင်လေးပင်)**

# AFC CUP ပြိုင်ပွဲ ဖေဖော်ဝါရီ ၁၃ ရက်တွင် စတင်ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

အာရှဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပလျက်ရှိသည့် ကလပ်အသင်းပြိုင်ပွဲများအနက် ဒုတိယအဆင့်မြင့်ဆုံးပြိုင်ပွဲဖြစ်သည့် AFC Cup ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဖေဖော်ဝါရီ ၁၃ ရက်မှစ၍ ဇုန်အလိုက် အုပ်စုများခွဲကာ ကျင်းပတော့မည်ဖြစ်သည်။ ယခုနှစ်တွင် မြန်မာကလပ်အသင်း နှစ်သင်း ယှဉ်ပြိုင်ခွင့်ရထားပြီး ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။

အုပ်စုခွဲဝေထားမှုအရ ရှမ်းယူနိုက်တက်အသင်းသည် အုပ်စု (F) တွင် ဆီရက်စ် (ဖိလစ်ပိုင်)၊ ဟုမ်းယူနိုက်တက် (စင်ကာပူ)၊ အန်ကော (ကမ္ဘောဒီးယား)၊ ရန်ကုန်အသင်းသည် အုပ်စု (G) တွင် ထန်ဟွာ (ဗီယက်နမ်)၊ ဘာလီယူနိုက်တက် (အင်ဒိုနီးရှား)၊ ဂလိုဘယ် (ဖိလစ်ပိုင်) တို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိသည်။

အုပ်စုပထမနေ့အဖြစ် ဖေဖော်ဝါရီ ၁၃ ရက် ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ ရှမ်းယူနိုက်တက် (မြန်မာ)နှင့် ဟုမ်းယူနိုက်တက် (စင်ကာပူ)အသင်း၊ မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ဘာလီယူနိုက်တက် (အင်ဒိုနီးရှား) နှင့် ရန်ကုန်(မြန်မာ)အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်၏ ပြိုင်ပွဲကျင်းပသည့်ပုံစံအရ အာဆီယံဇုန်တွင် အုပ်စုသုံးခုပါဝင်ပြီး ပထမနေရာရသည့် သုံးသင်းနှင့် အုပ်စုဒုတိယနေရာရသည့် အသင်းများအနက် အကောင်းဆုံးအသင်းမှာ အာဆီယံဇုန် ဆီမီးဖိုင်နယ်သို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းနည်းပြချုပ် ဦးစိုးမြတ်မင်းက "ကျွန်တော်တို့အသင်းအနေနဲ့ ယှဉ်ပြိုင်ရတဲ့ ပြိုင်ပွဲတိုင်းမှာ အောင်မြင်မှုရအောင် ယှဉ်ပြိုင်လေ့ရှိပါတယ်၊ ပထမဆုံးယှဉ်ပြိုင်ခွင့်ရတဲ့ AFC Cup ပြိုင်ပွဲမှာ ရလဒ်ကောင်းရဖို့ ကြိုးစားမှာပါ၊ အခု ဖွင့်ပွဲကစားရမယ့် ဟုမ်းယူနိုက်တက်အသင်း အကြောင်းကိုလည်း သေချာလေ့လာထားပါတယ်၊ သူတို့အသင်းက AFC Cup ပြိုင်ပွဲမှာ ရှစ်ကြိမ်အထိ ယှဉ်ပြိုင်ထားတာကြောင့် အတွေ့အကြုံအများကြီးရှိပါတယ်၊ မြန်မာကလပ်အသင်းတွေနဲ့လည်း တွေ့ဆုံဖူးတာကြောင့် သေချာပြင်ဆင်ပြီး ကစားမှာပါ၊ အသင်းမှာ ဒဏ်ရာရနေတဲ့ ကစားသမားတွေရှိနေတာကြောင့် ပွဲကစားမယ့်နေ့မှာ ကြံ့ခိုင်မှုပြည့်ဝနေမယ့်သူကိုသာ ပွဲထွက်လူစာရင်းမှာ အသုံးပြုမှာပါ၊ အိမ်ကွင်းမှာ အကောင်းဆုံး ရလဒ်ရရှိအောင် ယှဉ်ပြိုင်မှာပါ"ဟု ပြောကြားသည်။

အဝေးကွင်းပွဲ ယှဉ်ပြိုင်ရမည့် ရန်ကုန်အသင်းနည်းပြချုပ် ဦးမျိုးမင်းထွန်းက "ဒဏ်ရာရ ကစားသမားတွေရှိနေပေမယ့် အသင်းရဲ့ ခြေစွမ်းကို အားရပါတယ်၊ အဓိကနောက်ခံလူနှစ်ဦး ပွဲအမီ ဒဏ်ရာက ပြန်ကောင်းလာတာကြောင့် ကျေနပ်ပါတယ်၊ အဝေးကွင်းဖြစ်တာကြောင့် ခက်ခဲနိုင်ပေမယ့် အသင်းရဲ့ ခြေစွမ်းအမှန်ကို ပြသနိုင်ဖို့ ကြိုးစားမှာပါ၊ ဘာလီယူနိုက်တက်အသင်းရဲ့ ခြေစွမ်းကိုတော့ သူတို့ရဲ့ ပွဲရုပ်သံမှတ်တမ်းတွေကို လေ့လာထားပါတယ်၊ သူတို့အသင်းရဲ့ အားနည်းချက်၊ အားသာချက်တွေကို တွေ့ရှိထားပြီးပါပြီ၊ အဝေးကွင်းမှာ ရလဒ်ကောင်းတစ်ခု ရယူနိုင်ဖို့ ကြိုးစားမှာပါ"ဟု ပြောကြားသည်။


**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**


AFC Cup ပြိုင်ပွဲ ယှဉ်ပြိုင်ရမည့် ရှမ်းယူနိုက်တက်အသင်း။










ပျောက်ဆုံး

ကျွန်မ မူမူသိန်း[၁၄/ဘကလ(နိုင်)၂၀၉၆၅၀]၏ နိုင်ငံကူးလက်မှတ်အမှတ် MA 964851 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၆၅၀၀၉၆၃၉**

ထာဝရကုသိုလ် ရယူဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

# ထူးခြားသောနေ့နှင့် တိုက်ဆိုင်စွာ

မောင်သောင်းဝင်း (တမန်ဟောင်း)

မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့သည် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် နေပြည်တော်၌ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) တွင် ပါဝင် လက်မှတ်ရေးထိုးသွားမည်ဟု သတင်းစာများတွင် ဖော်ပြထားသည်။ ထိုသတင်းကြောင့် နိုင်ငံသားအာလုံးသည် ဝမ်းမြောက်ကြည်နူးလျက်ရှိကြသည်။ အထူးသဖြင့် အဆိုပါဒေသမှ တိုင်းရင်းသား ပြည်သူများသည် ငြိမ်းချမ်းရေး၏ အသီးအပွင့်ကို လက်တွေ့ခံစားကြရတော့မည်ဖြစ်သည်။

**ထူးခြားသောနေ့**

အမှန်စင်စစ်မှာမူ ဖေဖော်ဝါရီလ ၁၃ ရက်နေ့သည် မြန်မာနိုင်ငံအတွက် ထူးခြားသော နေ့တစ်နေ့ပင်ဖြစ်သည်။ လွန်ခဲ့သော ၁၀၃ နှစ်က မြန်မာနိုင်ငံ မြေလတ်ဒေသရှိ တောမြို့ကလေးတွင် ထူးခြားသော ပုဂ္ဂိုလ်တစ်ဦးကိုမွေးဖွားခဲ့သည်။ တိတိကျကျဆိုရလျှင် ၁၉၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့ (စနေနေ့) နံနက်စောစောတွင် နတ်မောက်မြို့၌ အဖရှေ့နေ ဦးဖာ နှင့် မိခင် ဒေါ်စုတို့မှ အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို မွေးဖွားခဲ့ခြင်းဖြစ်သည်။

**စွန့်လွှတ်အနစ်နာခံမှုများ**

ဗိုလ်ချုပ်အောင်ဆန်းသည် တိုတောင်းလှသော လူ့ဘဝတွင် တိုင်းပြည်နှင့် လူမျိုးအတွက်စွန့်လွှတ်အနစ်နာခံသွားခဲ့သည်။ တက္ကသိုလ်ကျောင်းသားဘဝတွင် အခြားကျောင်းသားများလို စတိုင်ကျကျ ဝတ်ဆင်ကာ ကျောင်းစာကိုအေးချမ်းစွာမသင်ယူနိုင်ခဲ့ပေ။ ရင်ထဲအသည်းထဲ၊ အသွေးအသားထဲတွင် တိုင်းပြည် လွတ်လပ်ရေးရရှိရေးအတွက်သာ စိတ်ဆန္ဒပြင်းပြနေခဲ့သည်။ လွတ်လပ်ရေးအတွက် နေ့မအား၊ ညမနားကြိုးပမ်းခဲ့ရသည်။

ကျောင်းသားဘဝတွင် ကိုအောင်ဆန်း၊ သခင်အောင်ဆန်းဟူ၍လည်းကောင်း၊ တပ်မတော်သားဘဝတွင် ဗိုလ်ချုပ်အောင်ဆန်းဟူ၍လည်းကောင်း၊ နိုင်ငံရေးသမားဘဝတွင် ဦးအောင်ဆန်းဟူ၍လည်းကောင်း ဂုဏ်ပုဒ်အမျိုးမျိုးဖြင့် ကြိုးပမ်းခဲ့သည်။ ထို့ကြောင့် ပြည်သူများ၏ရင်ထဲတွင် ကျောင်းသားခေါင်းဆောင် ကိုအောင်ဆန်း၊ တပ်မတော်ဖခင် ဗိုလ်ချုပ်အောင်ဆန်း၊ လွတ်လပ်ရေးဗိသုကာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ် အောင်ဆန်းဟူ၍ စွဲမြဲစွာမှတ်မိနေခြင်းဖြစ်သည်။

**ပင်လုံတွင်သက်သေထူနိုင်ခဲ့**

အထူးသဖြင့် အမျိုးသားခေါင်းဆောင်ကြီးသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံမြို့၌သက်သေထူနိုင်ခဲ့သည်။ ထိုသို့ပြည်ထောင်စုစိတ်ဓာတ်ကို ပြသနိုင်ခဲ့သောကြောင့် နယ်ချဲ့တို့ထံမှ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ နံနက်စောစောတွင် တစ်နိုင်ငံလုံး လွှမ်းခြုံသော လွတ်လပ်ရေးကြီးကို ရရှိခဲ့ခြင်းဖြစ်သည်။ သို့သော် ဗိုလ်ချုပ်သည် လွတ်လပ်ရေးအလံတင်သည့် မြင်ကွင်းကိုကြည့်ခွင့်မရခဲ့ပေ။ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် တိုင်းပြည်တာဝန် ထမ်းဆောင်နေစဉ် နယ်ချဲ့လက်ပါးစေတို့၏လက်ချက်ကြောင့် ကျဆုံးသွားခဲ့ရသည်။

**အနှစ် ၇၀ ကျော်ကြာသည့်တိုင်အောင်**

လွတ်လပ်ရေးရရှိခဲ့သည်မှာ အနှစ် ၇၀ ကျော်ကြာမြင့်ခဲ့ပြီဖြစ်သည်။ နယ်ချဲ့ကိုလိုနီတို့၏ သပ်လျှိုသွေးထိုးမှုကြောင့် တချို့သော တိုင်းရင်းသားများသည် လက်နက်စွဲကိုင်နေဆဲ၊ အတိတ်ကို ဖက်တွယ်နေဆဲပင်ဖြစ်သည်။ ပစ္စုပ္ပန်တည့်တည့်ကိုမရှုနိုင်ကြသေးပေ။ သူသာသည်၊ ငါသာသည်ဆိုသည့် ကျဉ်းမြောင်းသောအတွေးအခေါ်ကိုသာ စွဲကိုင်နေဆဲပင်ဖြစ်သည်။ အမှန်စင်စစ်မှာမူ ဤမြေပေါ်တွင် မွေးဖွားခဲ့ပြီး တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ အေးအတူ၊ ပူအမျှနေထိုင်လာခဲ့ကြသည့် ညီအစ်ကိုရင်းချာများ ပင်ဖြစ်သည်။ ထို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကိုစွန့်လွှတ်သင့်ပြီဖြစ်သည်။

**မင်္ဂလာရှိသောနေ့ရက်များ**

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့သည် (၇၁) နှစ်မြောက် ပြည်ထောင်စုနေ့ဖြစ်သည်။ ထိုနေ့သည် လွတ်လပ်ရေးအတွက် အရေးပါသောပင်လုံစာချုပ် ချုပ်ဆိုခဲ့သောနေ့ဖြစ်သည်။ အမှန်စင်စစ်မှာမူ ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံသော တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပင်လုံတွင် သက်သေထူခဲ့ခြင်း ဖြစ်သည်။ လက်ရှိအချိန်တွင်လည်း လွန်ခဲ့သော ၇၁ နှစ်ကပင်လုံတွင်ရရှိခဲ့သည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုမျိုး ပြန်လည်တည်ဆောက်သင့်နေပြီဖြစ်သည်။ အထူးသဖြင့် ဖေဖော်ဝါရီလ ၁၃ ရက်နေ့သည် ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့ဖြစ်သလို ကလေးများနေ့လည်းဖြစ်သည်။ ထိုနေ့တွင် မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့က NCA တွင် ပါဝင်လက်မှတ်ရေးထိုးသွားမည်ဖြစ်သည်။ တိုင်းပြည်အတွက် မင်္ဂလာရှိသောနေ့ရက်များပင်ဖြစ်သည်။

**တိုးတက်လာသောငြိမ်းချမ်းရေးလုပ်ငန်းစဉ်**

အစိုးရအဆက်ဆက်သည် ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကို ကမ်းလှမ်းခဲ့သည်။ ထိုသို့ကြိုးပမ်းအားထုတ်မှုများကြောင့် နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ရှစ်ဖွဲ့မှခေါင်းဆောင်များသည် ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် နေပြည်တော်၌ နိုင်ငံသားများမျှော်လင့်တောင့်တနေသည့်တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement-NCA) ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

ထို့အပြင် မွန်ပြည်သစ်ပါတီနှင့် လားဟူ ဒီမိုကရက်တစ်အစည်းအရုံးတို့သည် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် NCA တွင် ပါဝင်လက်မှတ်ရေးထိုးတော့မည်ဖြစ်သည်။ ထိုနှစ်ဖွဲ့ လက်မှတ်ရေးထိုးပြီးချိန်တွင် NCA လက်မှတ်ရေးထိုးသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့အထိ ရှိလာတော့မည်ဖြစ်သည်။ မည်သို့ပင် ဆိုစေကာမူ အပြန်ပြန်အလှန်လှန်စေ့စပ်ညှိနှိုင်းဆွေးနွေးမှုများကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တိုးတက်အောင်မြင်မှုရရှိလာခြင်း ဖြစ်သည်။ မဝေးတော့သည့် အနာဂတ်တွင် လက်ကျန် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည်လည်း NCA တွင် ပါဝင်လက်မှတ်ရေးထိုးကြမည်ဟု ခိုင်မာစွာ ယုံကြည်မိပါသည်။

**အားလုံးလိုလားတောင့်တသောငြိမ်းချမ်းရေး**

ငြိမ်းချမ်းရေးဆိုသောစကားရပ်သည် လူတိုင်း၏ စိတ်နှလုံးကိုချမ်းမြေ့စေသည်မှာအမှန်။ ထိုနည်းတူစွာ တည်ငြိမ်အေးချမ်းမှုရှိသောပတ်ဝန်းကျင်တွင်လည်း တရားဥပဒေစိုးမိုးပြီး ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီစနစ် ကျင့်သုံးလျက်ရှိသော ကမ္ဘာ့နိုင်ငံအားလုံးသည် ငြိမ်းချမ်းရေးကို ခိုင်မာအောင် တည်ဆောက်ထားပြီးဖြစ်သည်။ ငြိမ်းချမ်းရေးသည် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပင်မရေသောက်မြစ်ပင်ဖြစ်သည်။ တိုင်းပြည်အတွင်း ပြည်သူအားလုံး လိုလားတောင့်တနေသည့် ငြိမ်းချမ်းရေးကိုသာ ဖော်ဆောင်ပေးနိုင်မည်ဆိုလျှင်အတိုင်းထက်အလွန်ပင်ဖြစ်သည်။

အတိတ်ကမည်သို့ပင်ဖြစ်ခဲ့စေကာမူ လက်ရှိ ပစ္စုပ္ပန်တွင် တာဝန်ထမ်းဆောင်နေသည့် ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအနေဖြင့် တိုင်းပြည်အနာဂတ်အတွက် ရိုးသားပွင့်လင်းသည့် စိတ်ရင်းစေတနာမှန်ဖြင့် ဆောင်ရွက်သွားသင့်ပေသည်။ ပြည်သူအားလုံး၏ တူညီသောရည်မှန်းချက်သည် ထာဝရငြိမ်းချမ်းရေးရရှိရေးသာဖြစ်သောကြောင့် နှစ်ဖက်အဖွဲ့အစည်းများအကြား ရိုးသားပွင့်လင်းစွာ ဆွေးနွေးသွားမည်ဆိုလျှင် ငြိမ်းချမ်းရေး မရရှိရန် အကြောင်းမရှိချေ။

ခြုံ၍တင်ပြရလျှင် ဖေဖော်ဝါရီလ ၁၃ ရက်နေ့သည် အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့ပင်ဖြစ်သည်။ ထို့အပြင် ကလေးများနေ့အဖြစ်လည်းသတ်မှတ်ထားရှိသည်။ ထိုသို့တိုင်းပြည်အတွက် ထူးခြားသောနေ့တွင် မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့က NCA တွင် ပါဝင်လက်မှတ်ရေးထိုးသွားမည်ဖြစ်သည်။ အမှန်စင်စစ်မှာမူ သက်ဆိုင်ရာပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအနေဖြင့် လွတ်လပ်ခြင်း၊ ညီညွတ်ခြင်း၊ မျှတခြင်းဆိုသည့် လောကပါလတရားများနှင့်အညီ ကြိုးပမ်းခဲ့ကြသောကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တိုးတက်လာခြင်းပင်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ အာဇာနည်ခေါင်းဆောင်ကြီး၏ မွေးနေ့တွင် တိုင်းရင်းသားလက်နက်ကိုင်နှစ်ဖွဲ့တို့က NCA တွင်ပါဝင်လက်မှတ်ရေးထိုးခြင်းသည် ထူးခြားသောတိုက်ဆိုင်မှုပင် မဟုတ်ပါလား။



“အမှန်စင်စစ်မှာမူ သက်ဆိုင်ရာပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအနေဖြင့် လွတ်လပ်ခြင်း၊ ညီညွတ်ခြင်း၊ မျှတခြင်း ဆိုသည့် လောကပါလ တရားများနှင့်အညီ ကြိုးပမ်းခဲ့ကြသောကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တိုးတက်လာ . . .”



## (၇၁) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တိုင်းရင်းသားများတက်ရောက်

**ချမ်းမြသာစည် ဖေဖော်ဝါရီ ၁၂**
ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်နိုးကြားရှင်သန်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ပြည်တွင်းငြိမ်းချမ်းရေးကို အောင်မြင်အောင်တည်ဆောက်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁) ရာစုပင်လုံမှသည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်ထောင်စုတစ်ဝန်း စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးစသည့် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက် လေးရပ်နှင့်အညီ (၇၁) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၈ နာရီက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၇၃ လမ်းရှိ မန္တလာသီရိအားကစားကွင်း၌ ကျင်းပခဲ့သည်။

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် အမှူးပြုသော တက်ရောက်လာသူများက နိုင်ငံတော်အလံအား ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူအလေးပြုကြသည်။ ထို့နောက် နိုင်ငံတော် သမ္မတထံမှ ပေးပို့သော ပြည်ထောင်စုနေ့ သဝဏ်လွှာကို မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖတ်ကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က တက်ရောက်လာသော တိုင်းရင်းသားလူမျိုးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။ ညပိုင်းတွင် မန္တလာသီရိအားကစားကွင်းတွင် ပြည်ထောင်စုနေ့ အထိမ်းအမှတ် တိုင်းရင်းသားယဉ်ကျေးမှု ပဒေသာကပွဲများ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မန္တလေးမြို့ရှိ ကချင်၊ ကရင်၊ ချင်း၊ ကယား၊ မွန်၊ ရခိုင်၊ ရှမ်းတိုင်းရင်းသားလူမျိုးများ၊ လူမှုရေးအသင်းဥက္ကဋ္ဌများ၊ တိုင်းရင်းသားလူမျိုးများ တက်ရောက်ကြသည်။

**သီဟကိုကို(မန္တလေး)**

## (၇၁) နှစ်မြောက်ပြည်ထောင်စုနေ့အခမ်းအနား တောင်ကြီးတွင်ကျင်းပ

**တောင်ကြီး ဖေဖော်ဝါရီ ၁၂**
(၇၁) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၈ နာရီက ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ အဝေရာ မီးပုံးပျံကွင်း၌ ကျင်းပကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က တိုင်းရင်းသားအားလုံး တစည်းတလုံးတည်း လွတ်လပ်ရေးကို အတူတကွရယူနိုင်ခဲ့သည့် ပြည်ထောင်စုစိတ်ဓာတ်ကို မြန်မာတိုင်းရင်းသား ညီအစ်ကို မောင်နှမများအားလုံးက အမြတ်တနိုး တန်ဖိုးထားကြရမှာဖြစ်ကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်နိုးကြား ရှင်သန်နေအောင် အသက်တမျှတန်ဖိုးထားပြီး မွေးမြူထိန်းသိမ်းကြရန် အလွန်အရေးကြီးပါကြောင်း၊ နိုင်ငံသူ၊ နိုင်ငံသား၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအား စိတ်ဆန္ဒကြီးမားစွာ မျှော်လင့်လိုလားတောင့်တနေသည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို တည်ဆောက်အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကလည်း အတူတကွပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

(၇၁) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ်နှင့် ဇနီး၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများ၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့အစည်းများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ စစ်ရေးပြတပ်ဖွဲ့များနှင့်ဂုဏ်ပြုဘင်ခရာတပ်ဖွဲ့၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံတိုင်းရင်းသား ပြည်သူများ၊ ဖိတ်ကြားထားသူများ စုစုပေါင်းအင်အား ၂၅၀၀ ကျော်တက်ရောက်ကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



## (၇၁)နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ် ကွန်ပျူတာပန်းချီပြိုင်ပွဲကျင်းပ

**မုံရွာ ဖေဖော်ဝါရီ ၁၂**
(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ကွန်ပျူတာပန်းချီပြိုင်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ တိုင်းဒေသကြီးအားကစားကွင်းအတွင်းရှိ ဖူဆယ်အားကစားရုံ၌ ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၈ နာရီခွဲက ကျင်းပသည်။

"ကျောင်းသား ကျောင်းသူတွေ ကွန်ပျူတာကို ကျွမ်းကျင်စွာ အသုံးပြုတတ်စေဖို့၊ IT နည်းပညာတွေ ဖွံ့ဖြိုးတိုးတက်စေဖို့နဲ့ ပြည်ထောင်စုစိတ်ဓာတ်ကို ကျောင်းသား ကျောင်းသူတွေရဲ့ အသိစိတ်ထဲမှာ အစဉ်အမြဲတည်ရှိနေစေဖို့အတွက် အခြေခံပညာအထက်တန်းအဆင့်နဲ့ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူတွေကို နှစ်စဉ်ပြည်ထောင်စုနေ့ အခမ်းအနားမှာ ယှဉ်ပြိုင်စေတာပါ" ဟု တိုင်းဒေသကြီးအခြေခံပညာဦးစီးဌာန တာဝန်ရှိသူတစ်ဦးကပြောသည်။

ကွန်ပျူတာပန်းချီပြိုင်ပွဲတွင် အခြေခံပညာအထက်တန်းအဆင့် ကျောင်းသား ကျောင်းသူကိုးဦးက 'ပြည်ထောင်စုနှင့် ငြိမ်းချမ်းရေးခရီး' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အခြေခံပညာအလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ရှစ်ဦးတို့က 'ပြည်ထောင်စုပွဲ ဆင်ကာနွဲ့ ခြိမ့်သဲဝေစည်မြန်မာပြည်' ခေါင်းစဉ်ဖြင့်လည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဆုရကျောင်းသား ကျောင်းသူများအား တိုင်းဒေသကြီး အခြေခံပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

## မုံရွာမြို့တွင် (၇၁) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား ကျင်းပ

**မုံရွာ ဖေဖော်ဝါရီ ၁၂**
(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ တိုင်းဒေသကြီး အားကစားကွင်းအတွင်း ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းကကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်သူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ထို့နောက် (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပသည့် မီနီမာရသွန် အပြေးပြိုင်ပွဲ၊ အဆင့်မြင့်ပညာအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲ၊ အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲများတွင် ထူးချွန်ဆုရ အားကစားသမားများနှင့် ကျောင်းသားကျောင်းသူများအား စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာမြင့်နိုင်နှင့်ဇနီး၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့်ဆုတံဆိပ်များ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်းနှင့် အခမ်းအနားအပြီးတွင် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသော ဝန်ကြီးဌာနပြခန်းများအား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

## ခွင့်ပြုရန်ပုံငွေကျပ် ၅၆ ဒသမ ၃၇၆ သန်းဖြင့် ကျေးလက်ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်


**မုံရွာ ဖေဖော်ဝါရီ ၁၂**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခွင့်ပြုရန်ပုံငွေကျပ် ၅၆ ဒသမ ၃၇၆ သန်းဖြင့် ကျေးရွာခုနစ်ရွာကို ကျေးလက်ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာ ရရှိစေရေးအတွက် စက်ရေတွင်း၊ ရေကန်၊ အမြင့်တင်ရေစင်နှင့် ရေပိုက်သွယ်တန်းခြင်းစသည့်လုပ်ငန်းများကို အသစ်တည်ဆောက်၊ အဟောင်းပြုပြင်ခြင်းများ ဆောင်ရွက်ပေးနေကြောင်း မုံရွာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယဉ်ယဉ်ချိုက ပြောသည်။

ထိုကဲ့သို့ ဆောင်ရွက်ရာတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ခွင့်ပြုရန်ပုံငွေကျပ် ၅၆ ဒသမ ၃၇၆ သန်းဖြင့် ကျောက်ခွက်ကျေးရွာတွင် စက်ရေတွင်း၊ အမြင့်တင်ရေစင်နှင့် ရေစက်ရုံတည်ဆောက်ခြင်း၊ တောင်ကြားကျေးရွာတွင် ရေပိုက်လိုင်း သွယ်တန်းခြင်းနှင့် ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန် နှစ်ကန်တည်ဆောက်ခြင်း၊ ပြိုင်စီကျေးရွာတွင် Controller Box တပ်ဆင်ခြင်း၊ တွင်းချောင်းကျေးရွာတွင် ပလက်ဖောင်း၊ အုတ်ရေကန်ပြုပြင်ခြင်းနှင့် အင်ဂျင် လဲလှယ်တပ်ဆင်ခြင်း၊ ဗန်စီတိုင်းတောကျေးရွာတွင် စက်ရေတွင်း၊ အမြင့်တင်ရေစင် တည်ဆောက်ခြင်း၊ နွားထိန်းကျေးရွာတွင် ဂါလန် ၄၀၀၀ ဆံ့ သံရေကန်မှ ဖိုက်ဘာကန်လဲလှယ်ခြင်း၊ ကြေးမုံကျေးရွာတွင် ဂါလန် ၄၀၀၀ ဆံ့ သံရေကန်မှ ဖိုက်ဘာကန် လဲလှယ်ခြင်းနှင့် စက်ရေတွင်းအတွက် ကွန်ပရက်ဆာ၊ မော်တာတပ်ဆင်ခြင်းတို့ဆောင်ရွက်ပေးလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့ကြောင်း သိရသည်။

**မင်းမြင့်မိုရ်(ငါန်းဇွန်)**

## နန်းမြို့ရိုးပတ်လမ်းများနှင့် ကျုံးရေပြင်ကြားနေရာ ပြည်သူလူထု အပန်းဖြေကိုယ်လက်လှုပ်ရှားဆောင်ရွက်နိုင်



**အောင်မြေသာစံ ဖေဖော်ဝါရီ ၁၂**
မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တို့၏ သဘောတူညီချက်ဖြင့် မန္တလေး အောင်မြေသာစံမြို့နယ် နန်းမြို့ရိုး ပတ်လမ်းများနှင့် ကျုံးရေပြင်အကြားနေရာတွင် နေ့စဉ် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ပြည်သူလူထု အပန်းဖြေခြင်းနှင့် ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်ခြင်းများ ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ပြည်သူများ သိရှိစေရန် အသိပေးကြေညာထားသည်။

အစိုးရသစ်လက်ထက် မန္တလေးမြို့နေပြည်သူများ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစွာဖြင့် လမ်းလျှောက်ခြင်း၊ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ ပြုလုပ်နိုင်စေရန် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ညှိနှိုင်းဆောင်ရွက်ပြီး မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ ပံ့ပိုးကူညီမှုဖြင့် ပြည်သူလူထု အပန်းဖြေ ကိုယ်လက်လှုပ်ရှား ဆောင်ရွက်နိုင်သော နေရာအဖြစ်ဖော်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

## လမ်းဖောက်လုပ်ရာတွင် ပါဝင်သွားသော လယ်ယာမြေများအတွက် မြေယာလျော်ကြေးများပေးအပ်

**ကနီ ဖေဖော်ဝါရီ ၁၂**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်နှင့် ကလေးခရိုင် မင်းကင်းမြို့နယ်တို့ကို ဆက်သွယ်ဖောက်လုပ်သည့် ကနီ-မင်းကင်း-တောင်တွင်းချောင်လမ်း ဖောက်လုပ်ရာတွင်ပါဝင်သွားသော လယ်ယာမြေများအတွက် မြေယာလျော်ကြေးပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က ကနီမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် ကနီမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်း၊ ယင်းမာပင်ခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လတ်တို့က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်လမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်အိအိခင်က မြေယာလျော်ကြေးများ ထုတ်ပေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မြေယာလျော်ကြေးငွေများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက တောင်သူ ၁၁၈ ဦးတို့၏ လယ်မြေ ၁၁ ဒသမ ၉၂ ဧကနှင့် ယာမြေ ၁၀၂ ဒသမ ၈၃ ဧကအတွက် လျော်ကြေးငွေ စုစုပေါင်း ၇၆၀ ဒသမ ၀၂ သိန်းအား ကင်းကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရွာခွဲတာဝန်ခံများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကနီ-မင်းကင်း-တောင်တွင်းချောင်လမ်း ဖောက်လုပ်ရာတွင် ပါဝင်သွားသော မြေယာရှင်များအား လျော်ကြေးငွေပေးအပ်ရာတွင် လယ်မြေ တစ်ဧကလျှင် ၁၂ သိန်းနှုန်းနှင့် ယာမြေတစ်ဧကလျှင် ခြောက်သိန်းနှုန်းကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**

# ရေထွက်ကုန်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာသန်း ၇၀၀ ရရှိရေး ရည်မှန်းဆောင်ရွက်

**ဖျာပုံ ဇန်နဝါရီ ၁၂**

မြန်မာနိုင်ငံ၏ပထဝီအနေအထားအရ စိုက်ပျိုးရေးလုပ်ငန်းသည် ပထမဦးစားပေးလုပ်ငန်းဖြစ်ပြီး နိုင်ငံသား ဒုတိယအများဆုံးပါဝင်လုပ်ကိုင်သောလုပ်ငန်းမှာ ရေလုပ်ငန်းဖြစ်သည်။

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ရေသယံဇာတပိုင်ဆိုင်မှု ၁၄ ခုနှင့် ကမ်းရိုးတန်းဒေသသည်ကမ္ဘာ့အသန့်ရှင်းဆုံး ၁၀ခုတွင် ပါဝင်လျက်ရှိပြီး ငါးလုပ်ငန်းဆိုင်ရာသယံဇာတများလွန်စွာပေါကြွယ်ဝသည့် နိုင်ငံလည်းဖြစ်သည်။

မြန်မာနိုင်ငံမှ ရေထွက်ကုန်ပစ္စည်းများ တင်ပို့ရာတွင်၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်တွင် အမေရိကန် ဒေါ်လာ ၅၀၂ ဒသမ ၆၃ သန်းရရှိခဲ့ပြီး၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၆၀၅ ဒသမ ၈၂ သန်းရရှိခဲ့သည်။ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာသန်း ၆၅၀ လျာထားပြီး အမေရိကန်ဒေါ်လာသန်းခုနစ်ရာရရှိရေး ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ရေထွက်ကုန်ပစ္စည်းများ ပြည်ပတင်ပို့ရာတွင် ယခင်က သဘာဝအလျောက်ဖမ်းဆီးရမိသည့် ရေချိုရေငန်ငါးပုစွန်များ ဦးစားပေးတင်ပို့ခဲ့သော်လည်း ၂၀၀၀ ပြည့်နှစ် နောက်ပိုင်းတွင် ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများကျယ်ပြန့်အောင်မြင်လာခြင်းနှင့်အတူ နိုင်ငံတကာ ဈေးကွက်လိုအပ်ချက်အရ မွေးမြူရေးငါး၊ ပုစွန်များကိုလည်း ပြည်ပသို့တင်ပို့ရောင်းချခဲ့ကြောင်း သိရသည်။

တစ်နိုင်ငံလုံးတွင်၂၀၁၆ ခုနှစ် အောက်တိုဘာလကုန်အထိ ငါးလုပ်ငန်းဦးစီးဌာန၏စာရင်းများအရ ငါး၊ ပုစွန်မွေးမြူရေးကန်ဧက ၄ ဒသမ ၈ သိန်းကျော်တွင် ငါး၊ ပုစွန်များ မွေးမြူလျက်ရှိကြပြီး ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံသည် ငါးမြစ်ချင်းငါး ဒုတိယအများဆုံးမွေးမြူသည့်နိုင်ငံဖြစ်ပြီး ငါးမြစ်ချင်းငါး ပြည်ပသို့တင်ပို့ရာတွင်လည်း အများဆုံးတင်ပို့သည့်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိကြောင်းသိရသည်။

နိုင်ငံတော်၏ အဓိကလိုအပ်ချက်ဖြစ်သည့် နိုင်ငံခြားငွေ ရှာဖွေပေးရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် တတိယ အဆင့်တွင်ရှိနေကြောင်းသိရသည်။

**အောင်ဝင်း(ဖျာပုံ)**



# (၇၁) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား ပဲခူးမြို့တွင် ကျင်းပ

**ပဲခူး ဖေဖော်ဝါရီ ၁၂**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးဆောင်၍ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီခွဲက ပဲခူးမြို့ ရွှေမော်ဓောဘုရားအနောက်ဘက်မုခ်ရှိ ယာဉ်ရပ်နားကွင်း၌ (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား ကျင်းပသည်။

(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားတွင် ပြည်ထောင်စုနေ့အထိမ်းအမှတ်ပြခန်း၊ အစိုးရအဖွဲ့၏ဆောင်ရွက်ချက်ပြခန်း၊ ဌာနဆိုင်များ၏ဌာနအလိုက် ကျန်းမာရေးပြခန်း၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်းပြခန်း၊ ပညာရေးပြခန်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ပြခန်းများပြသထားခြင်း၊ တိုင်းရင်းသားရိုးရာအစားအစာရောင်းချခြင်းနှင့် ပဲခူးမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှလည်း မြန်မာ့ရိုးရာခြင်းအလှခတ်ပြပွဲပါဝင်ကျင်းပမည့်အပြင် ရပ်ကွက်အသီးသီး တွင်လည်း မီနီမာရသွန်အပြေးပြိုင်ပွဲများ ကျင်းပကြကြောင်းသိရသည်။

အဆိုပါအခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဝင်းသိန်း၊ လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်ဝန်ကြီးများ၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ အစိုးရအဖွဲ့အတွင်းရေးမှူးနှင့်ဌာနဆိုင်ရာများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားများ၊ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ ပြည်သူများစုစုပေါင်းအင်အား ၃၇၀၀ ကျော်တက်ရောက်ကြသည်။

**တင်စိုး(ပဲခူး)**

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်

**ကဝ ဖေဖော်ဝါရီ ၁၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကဝမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေပေးအပ်ပွဲကို ကဝမြို့နယ် အဒူးကျေးရွာအုပ်စု အဒူးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဖေဖော်ဝါရီ ၁၀ ရက်က ကျင်းပရာ ကဝမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှသန်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ကဝမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ထွန်းဦးက စီမံကိန်းများအကြောင်း ရှင်းလင်းပြောကြားကာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှသန်းက ရန်ပုံငွေကျပ်သိန်း ၁၀၀ အား ကျေးရွာဖွံ့ဖြိုးရေးကော်မတီသို့ လွှဲပြောင်းပေးအပ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ရန်ကုန်မြို့ တာမွေမြို့နယ် မအူကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဖေဖော်ဝါရီ ၉ ရက်က တာမွေမြို့မ ရဲစခန်းမှူး ဒုတိယရဲမှူး မျိုးမြင့်သက်ငယ်မုဒိမ်းမှုလျော့နည်းကျဆင်းရေးနှင့် လူကုန်ကူးမှုများ မခံရစေရေးအတွက် မှုခင်းအသိပညာပေးဟောပြောစဉ်။

**ကြေးမုံ**



# တံတားမြို့၌ လူငယ်နှင့် အလုပ်အကိုင်အခွင့်အလမ်း ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းပြုလုပ်

**တံတား ဖေဖော်ဝါရီ ၁၂**

ရန်ကုန် တောင်ပိုင်းခရိုင် တံတားမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော လူငယ်နှင့်အလုပ်အကိုင်အခွင့်အလမ်း ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း (Public Talk)ကို တံတားမြို့ အမှတ် (၁) ရပ်ကွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းပညာသင်တန်းကျောင်း၌ ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၁၀ နာရီက ကျင်းပရာ တံတားမြို့ပေါ်ရှိ ရပ်ကွက်များနှင့် ကျေးရွာများမှ ကျောင်းသား ကျောင်းသူ လူငယ်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

အဆိုပါပြည်သူ့စကားဝိုင်းတွင် ကျောက်တန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုးက လူငယ်နှင့်အလုပ်အကိုင်အခွင့်အလမ်း ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပရခြင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်သူ့စကားဝိုင်းတွင် ကျောက်တန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုး၊ ကျောက်တံတားမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ကြည်ပြာနှင့် ပြည်သူ့ကျန်းမာရေးနှင့် လူငယ်ဖွံ့ဖြိုးရေးဆိုင်ရာ အတိုင်ပင်ခံ ဒေါက်တာစည်သူဆွေတို့ ပါဝင်ဆွေးနွေးကြပြီး တက်ရောက်လာကြသူများက မိမိတို့သိလိုသည့်အချက်များကို မေးမြန်းခဲ့ကြရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြကြောင်းသိရသည်။

**တံတား(ပြန်/ဆက်)**

# သဲကောရေလှောင်တမံ ဆည်ရေသောက်အတွင်းရှိ ဒေသခံတောင်သူများ နွေစပါးနှင့် အခြားသီးနှံများကို ယခင်ထက်ပိုမိုစိုက်ပျိုးနိုင်မည်

**ပြည် ဖေဖော်ဝါရီ ၁၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် သဲကောဆည်ရေသောက်စနစ်အတွင်းရှိ တူးမြောင်းများနှင့် တူးမြောင်းအဆောက်အအုံများပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ အရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် လက်ပံတန်းမြို့နယ်နှင့် သာယာဝတီမြို့နယ်အတွင်းရှိ ကျေးရွာများမှ ဒေသခံတောင်သူများအနေဖြင့် နွေစပါးနှင့်အခြားသီးနှံများကို ယခင်နှစ်ထက် ပိုမိုစိုက်ပျိုးနိုင်ကြတော့မည်ဖြစ်ကြောင်း သိရသည်။

သာယာဝတီခရိုင် လက်ပံတန်းမြို့နယ်ရှိ သဲကောရေလှောင်တမံတွင် ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၅၂၅၀၀ သိုလှောင်နိုင်ခဲ့ပြီး ဆည်ရေဖြင့် နွေစပါးစိုက်ပျိုးရေးကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်မှစ၍ တူးမြောင်းမကြီးအလျား ရှစ်မိုင်၊ လက်တံမြောင်းများအလျား ၁၉ မိုင်၊ မြောင်းခွဲပေါင်း ၂၆ မြောင်းဖြင့် နွေစပါးဆည်ရေသောက်ဧရိယာများ စိုက်ပျိုးပြီး ပိုလျှံရေများကိုလည်းဆည်ရေသောက်ပြင်ပစိုက်ဧရိယာများ စိုက်ပျိုးရေရရှိနိုင်ရေးအတွက် ရေတံခါးများဖြင့်လည်းကောင်း၊ မြေသားတမံပိတ်များဖြင့်လည်းကောင်း ထိန်းညှိသိုလှောင်၍ ဒေသခံတောင်သူများအတွက်စိုက်ပျိုးရေပေးဝေလျက်ရှိကြောင်း သိရသည်။



ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် သဲကောဆည်ရေသောက်စနစ်အတွင်းရှိ တူးမြောင်းများနှင့် တူးမြောင်းအဆောက်အအုံများ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဌာနမှ လုပ်သားများဖြင့် အင်တိုက်အားတိုက်ဆောင်ရွက်ခဲ့သောကြောင့် ယခင်နှစ်တွင် နွေစပါးစိုက်ပျိုးဧက ၁၈၁၁ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ်တွင် နွေစပါး စိုက်ပျိုးဧက ၃၁၉၁ ဧကကို စိုက်ပျိုးရန်လျာထားခဲ့ရာ ဒေသခံတောင်သူများအနေဖြင့် ယခင်နှစ်ထက် စုစုပေါင်း ဧက ၁၃၈၀ ပိုမို စိုက်ပျိုးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**သူရအောင်(ပြည်)**

# သက်ငယ်မုဒိမ်းမှုပပျောက်ရေး မှုခင်းအသိပညာပေး

**တောင်ဥက္ကလာပ ဖေဖော်ဝါရီ ၁၂**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် (၉) ရပ်ကွက် ကျော်သူလမ်းရှိ တြိရတနရက္ခိတမွာရုံ၌ ဖေဖော်ဝါရီ ၁၁ ရက် ည ၇ နာရီက တောင်ဥက္ကလာပမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ကျော်အောင်က သက်ငယ်မုဒိမ်းမှုပပျောက်ရေး၊ မှုခင်း အသိပညာပေးဆွေးနွေးဟောပြောပွဲ ပြုလုပ်ခဲ့ရာ ရပ်ကွက်နေ ပြည်သူအင်အား ၈၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။ **၁၁၈**



သန်လျင်မြို့နယ် သစ်စက်နှင့်သစ်အခြေခံစက်ရုံများ၏ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်သရုပ်ပြပွဲကို ဖေဖော်ဝါရီ ၈ ရက် နံနက် ၁၀ နာရီက အမှတ် (၂) သစ်စက်ဝင်းအတွင်း ကျင်းပခဲ့ကြောင်း သိရသည်။

**သက်ခိုင်(သန်လျင်)**

# ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ပြည်သူသို့အစီရင်ခံစာ

**နိဒါန်း**

ရခိုင်ပြည်နယ်တွင်လက်ရှိဖြစ်ပေါ်နေသောအရေးကိစ္စများသည် ရခိုင်ပြည်နယ် တစ်ခုတည်း၏ အရေးကိစ္စမဟုတ်ဘဲ ပြည်ထောင်စုတစ်ခုလုံး၏ အရေးကိစ္စဖြစ်ပါသည်။ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည် ပြည်ထောင်စုတစ်ခုလုံး တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအရေးပါသောအချက်ဖြစ်ပါသည်။

ရခိုင်ပြည်နယ်အပါအဝင် နိုင်ငံတစ်ဝန်းလုံးတွင် ဖွံ့ဖြိုးရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် လုပ်ဆောင်ရန် များစွာရှိနေပြီး အစိုးရအနေဖြင့် အလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများ၊ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများဖြင့် ဆောင်ရွက်နေပါသည်။ ထိုဆောင်ရွက်မှုများသည် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များကို အကောင်အထည် ဖော်ဆောင်ရွက်နေခြင်းနှင့်လည်း ဆက်စပ်ကိုက်ညီလျက်ရှိပါသည်။ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်သည် ကြားဖြတ်အစီရင်ခံစာကို ၂၀၁၇ခု နှစ် မတ်လတွင် ထုတ်ပြန်ခဲ့ပါသည်။

ယင်းကြားဖြတ်အစီရင်ခံစာထုတ်ပြန်ပြီးနောက် အစီရင်ခံစာပါအကြံပြုချက်များကို ၂၀၁၇ ခုနှစ် ဧပြီလ ၁ ရက်နေ့ မှ စတင်၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေရာမှ အရှိန်အဟုန်မြှင့်တင်နိုင်ရန် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီကို နိုင်ငံတော်အစိုးရက ကော်မတီဝင် ၁၉ ဦးဖြင့် ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့တွင် ဖွဲ့စည်းပေးခဲ့ပါသည်။ ယင်းကော်မတီ၏ အကောင်အထည်ဖော် ဆောင်ရွက်မှုများကို လေးလလျှင် တစ်ကြိမ် ပြည်သူသို့ အစီရင်ခံစာ တင်ပြရမည်ဖြစ်ပါသည်။ ယခုအစီရင်ခံစာတွင် ကော်မတီမဖွဲ့စည်းမီ ၂၀၁၇ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့သော အကောင်အထည်ဖော်မှုများ အပါအဝင် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်မှုများကို ထည့်သွင်းတင်ပြထားပါသည်။

**စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှု**

ရခိုင်ပြည်နယ်ဒေသခံပြည်သူများ ပိုမိုအကျိုးခံစားခွင့်ရရှိနိုင်စေရန်ရင်းနှီးမြှုပ်နှံမှုကော်မတီကို၇-၇-၂၀၁၇ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ရခိုင်ပြည်နယ်ဦးစီးမှူးရုံးကို ၃၀-၁၀-၂၀၁၇ ရက်နေ့တွင် ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဥပဒေအရ မွေးမြူရေးနှင့် ရေလုပ်ငန်းခြောက်ခု၊ ဆောက်လုပ်ရေးလုပ်ငန်းနှစ်ခု၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ၁၁ ခု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ သတ္တုတူးဖော်ရေးလုပ်ငန်းတစ်ခု၊ စွမ်းအင်လုပ်ငန်း ၂၇ ခု၊ ဝန်ဆောင်မှုလုပ်ငန်းတစ်ခု စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၄၈ ခု ဆောင်ရွက်ခွင့်ပြုနိုင်ခဲ့ပါသည်။

ဒေသခံပြည်သူလူထုထံမှ စီမံကိန်းများနှင့် အစိုးရရုံးများတည်ဆောက်ရန်သိမ်းယူလိုက်သော မြေယာများအတွက် ပိုင်ရှင် ၁၀၀၁ ဦးကို လျော်ကြေးငွေများပေးအပ်နိုင်ခဲ့ပြီး ခုနစ်ဦး၏ လျော်ကြေးများကို၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းတောင်းခံထားခဲ့ပါသည်။

ကျောက်ဖြူဒေသ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုအတွက် စီးပွားရေးလုပ်ငန်းများ၏ လူမှုရေးဆိုင်ရာ တာဝန်ခံမှု (Corporate Social Responsibility - CSR) ဆောင်ရွက်ပေးမှုများအနေဖြင့် ရင်းနှီးမြှုပ်နှံမည့်သူများက ကျောက်ဖြူမြို့နယ်ရှိကျေးရွာ ၅၀ အတွက် လှည့်ပတ်ရန်ပုံငွေ တစ်ရွာလျှင် ကျပ်သိန်း ၃၀၀ မတည်ပေးခြင်း၊ Caterpillar Company နှင့် ပူးပေါင်း၍ စက်ကြီးမောင်းသင်တန်း ဖွင့်လှစ်ပေးခြင်းတို့ ဆောင်ရွက်ပေးခဲ့ပါသည်။ ပညာရေးကဏ္ဍ၊ အခြေခံအဆောက်အအုံကဏ္ဍတွင် ရွှေစီမံကိန်းမှ ကျပ်သိန်းပေါင်း ၇၆၂၉ ဒသမ ၀၇ နှင့် အရှေ့တောင်အာရှ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်းက အမေရိကန်ဒေါ်လာ ၈၇၆၂၅၇ ဒသမ ၆၅ ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ကျောက်ဖြူအထူးစီးပွားရေးဇုန်တွင် မဟာဗျူဟာမြောက် ပတ်ဝန်းကျင်ဆိုင်ရာလေ့လာဆန်းစစ်မှု Strategic Environmental Assessment(SEA) လုပ်ငန်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ကျောက်ဖြူ အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီတို့ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

အလုပ်သမားဈေးကွက်နှင့်သက်ဆိုင်သည့်လေ့လာဆန်းစစ်မှုများ (Labour Market Assessment -LMA) ပြုလုပ်သွားနိုင်ရေး ILOနှင့် ညှိနှိုင်းထားရှိပြီး စီမံဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ LMA ပြုလုပ်ရန်စီမံဆဲကာလတွင် အမျိုးသမီးများနှင့်သက်ဆိုင်သည့် အသက်မွေးဝမ်းကျောင်းသင်တန်းများနှင့် ရခိုင်ပြည်နယ်အတွင်းအလုပ်အကိုင်ရရှိရေးအတွက် သင်တန်း ၂၂ မျိုးတွင် သင်တန်းသားစုစုပေါင်း ၂၁၆၀ တက်ရောက်နိုင်ခဲ့ပါသည်။

GIZ အဖွဲ့အစည်း၏ ပံ့ပိုးမှုဖြင့် ကျောက်ဖြူဒေသခံ အမျိုးသမီးများအား ရန်ကုန်မြို့တွင် စက်ချုပ်သင်တန်းဖွင့်လှစ်ပေးခြင်း၊ စိုက်ပျိုးရေးသင်တန်းဖွင့်လှစ်ပေးခြင်း၊ သံချည်သံကွေး၊ ဂဟေဆက်၊ လျှပ်စစ်အသေးစားစက်ပြင်သင်တန်းများ ဖွင့်လှစ်ပေးခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။ အမျိုးသမီး ၂၅၀ တို့သည် စစ်တွေမြို့ Smart အထည်ချုပ်စက်ရုံ၊ ခိုင်ပြည်စိုးအထည်ချုပ်စက်ရုံ၊ ရွှေကျားလက်ရက်ကန်းစက်ရုံတို့တွင် အလုပ်အကိုင်များရရှိခဲ့ကြပြီး ရွှေစီမံကိန်းနှင့် အရှေ့တောင်အာရှရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းတို့တွင် ဒေသခံပြည်သူ ၅၂၀ ကို အလုပ်အကိုင်ဖန်တီးပေးနိုင်ခဲ့ပါသည်။

ရခိုင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် ၂၀၁၇ ခုနှစ် ဧပြီလမှ ဒီဇင်ဘာလအတွင်း အကြမ်းဖက်မှုဖြစ်စဉ်နောက်ပိုင်း ပျက်စီးသွားသောလမ်း၊ တံတားများပြုပြင်ခြင်း၊ မြေလမ်း၊ ကျောက်လမ်း၊ ကွန်ကရစ်လမ်းများဖောက်လုပ်ခြင်း၊ ကွန်ကရစ်တံတားများတည်ဆောက်ခြင်း၊ ရဟတ်ယာဉ်ကွင်းတည်ဆောက်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။တံတားအစင်း ၂၀ ဆောက်လုပ်ခြင်းနှင့် မေယုတောင်ကျော်လမ်း အသစ်နှစ်လမ်း ဖောက်လုပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။


ပို့ဆောင်ရေးကဏ္ဍအနေဖြင့် ကုန်းလမ်းပို့ဆောင်ရေးတွင် မူလယာဉ်လိုင်း ၄၂ လိုင်းအပြင် ခြောက်လိုင်းထပ်မံ၍ တိုးချဲ့ပြေးဆွဲခွင့်ပြုနိုင်ခဲ့ပါသည်။ ရေကြောင်းပို့ဆောင်ရေးတွင် ရခိုင်ဒေသကမ်းရိုးတန်းနှင့် မြစ်ကြောင်းများတစ်လျှောက် သွားလာမှုအဆင်ပြေစေရေးအတွက် ကစ္ဆပနဒီ (၁) နှင့် (၂) ရေယာဉ်များ၊ အောင်တံခွန်ရေယာဉ်များ ပြေးဆွဲဆောင်ရွက်လျက်ရှိပါသည်။ အိန္ဒိယနိုင်ငံအစိုးရ၏ အထောက်အပံ့ဖြင့် တန်ချိန် ၃၀၀ မြစ်တွင်းသွားရေယာဉ် ခြောက်စီးကို ၂၆-၆-၂၀၁၇ ရက်နေ့မှစ၍ ပြေးဆွဲဆောင်ရွက်လျက်ရှိပါသည်။ မြောက်ဦးလေယာဉ်ကွင်းသစ်အားအစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်သည့်စနစ်(PPP)ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် ခွင့်ပြုချက်ရရှိထားပြီးဖြစ်ပါသည်။

မာန်အောင်လေဆိပ် မူလလေယာဉ်ပြေးလမ်း ပေ ၄၅၀၀၁၀၀ အား တောင်ဘက်သို့ Over-run ပေ ၂၀၀ နှင့် RESA Earth Levelling လုပ်ငန်း စတင်ဆောင်ရွက်လျက်ရှိပါသည်။ စစ်တွေလေဆိပ်ခရီးသည်အဆောက်အအုံ (၁၈၀×၆၀) ပေ တိုးချဲ့တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးဖြစ်ပါသည်။

ဆက်သွယ်ရေးကဏ္ဍတွင် အင်တာနက်သုံးစွဲသူပေါင်း တစ်သန်းကျော်၊ မိုဘိုင်းတယ်လီဖုန်း လွှမ်းခြုံနိုင်မှုသည်လူဦးရေ၏ ၈၅ ရာခိုင်နှုန်းကျော်သုံးစွဲလျက်ရှိပါသည်။

လျှပ်စစ်ဓာတ်အား တိုးမြှင့်ရရှိရေးနှင့်စပ်လျဉ်း၍ (၁-၄-၂၀၁၇) မှ (၃၁-၁၂-၂၀၁၇)ထိ အောက်ပါအတိုင်း ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ပါသည်-

**လျှပ်စစ်ဓာတ်အားတိုးမြှင့်ရရှိမှုပုံပြဂရပ်(နာရီ)**




သောက်သုံးရေရရှိရေးအတွက် ရခိုင်ပြည်နယ်ရှိ ကျေးရွာများတွင် မြေသားရေကန်တူးဖော်ပြုပြင်ခြင်း လုပ်ငန်း ၂၆ ခုဆောင်ရွက်ပြီးစီးခြင်း၊ ၂၄၉ ဂါလန်သန်းဆံ့ သိုင်းချောင်းမြေသားရေလှောင်တမံနှင့် ၂၀ ဒသမ ၃၉ ဂါလန်သန်းဆံ့ ဒိုတန်းတောင်(၁)မြေသားလျှိုပိတ်ဆည်အားတည်ဆောက်ပေးခြင်း၊ ကျေးရွာများတွင် အုတ်ရေကန်တည်ဆောက်ခြင်း၊ မြေသားရေကန်ပြုပြင်ခြင်း၊ ရေလှောင်ကန်မှ ရေစုကန်သို့ ပိုက်သွယ်တန်းခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ကျေးလက်ရေရရှိရေးအတွက်ကျေးရွာ ၂၃၃ ရွာတွင် လက်တူးတွင်း၊ ရေကန်၊ စိမ့်စမ်းရေနှင့် အခြားရေရရှိရေးလုပ်ငန်းများ စုစုပေါင်း ၂၃၄ ခု ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြင့် ကျေးရွာခုနစ်ရွာတွင်လည်းကောင်း၊ လူထုဗဟိုပြုစီမံကိန်း (CDD Project) ဖြင့် ကျေးရွာ ၂၃၅ ရွာတွင်လည်းကောင်း၊ မြစိမ်းရောင်စီမံကိန်းဖြင့် ကျေးရွာပေါင်း ၉၇ ရွာတွင် ကျေးရွာဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

လယ်သမားများ၏ထုတ်လုပ်မှုကဏ္ဍ တိုးတက်ရေးအတွက်စက်ပစ္စည်းများအစားထိုးသုံးစွဲနိုင်ရန် လယ်ယာသုံး၊ လုပ်ငန်းသုံး၊ ရေလုပ်ငန်းသုံးစက်ကိရိယာပစ္စည်း ၂၃၃ စီးအတွက် ကျပ်သန်း ၄၄၇ ဒသမ ၉၅၃ ထုတ်ချေးခြင်း၊ ထွန်စက်နှစ်စီး၊ လက်တွန်းထွန်စက် ၅၇၅ စီးအား အရစ်ကျစနစ်ဖြင့်ရောင်းချပေးခြင်း၊ အရည်အသွေးပြည့်မီသည့် စပါးမျိုးသန့်မျိုးစေ့ ၂၃၃၃၂ တင်း၊ ဆောင်းသီးနှံမြေပဲမျိုးတင်း ၃၀၊ မတ်ပဲလေးတင်း၊ အိမ်ထောင်စု ၄၅၅၃ အတွက် ဟင်းသီးဟင်းရွက်မျိုးစေ့ ၇၉၆ ထုပ်တို့ ဖြန့်ဝေပေးခြင်း၊ ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များ အသုံးပြုခြင်းဆိုင်ရာ သင်တန်းများဖွင့်လှစ်မှုအနေဖြင့် KOPIA Project ဖြင့် အရည်အသွေးပြည့်မီသော စပါးမျိုးကောင်းမျိုးသန့် စိုက်ပျိုးထုတ်လုပ်ခြင်း နည်းပညာသင်တန်းကို သင်တန်းသား ၉၀ ဖြင့်လည်းကောင်း၊ လယ်ယာသုံးစက်ကိရိယာမောင်းနှင်မှုသင်တန်း လေးကြိမ်ကို သင်တန်းသားဦးရေ ၁၁၀ ဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်အားလုံးတွင် တောင်သူပညာပေးသင်တန်း ၁၂၆၁ ကြိမ်ဖြင့်လည်းကောင်း ဖွင့်လှစ်လေ့ကျင့်ပညာပေးနိုင်ခဲ့ပါသည်။

အသေးစားနှင့်အလတ်စားလုပ်ငန်းများ (SMEs) ချေးငွေအား နှစ်လတ် သုံးနှစ်မှငါးနှစ်အထိကို အတိုးနှုန်း ၉ရာခိုင်နှုန်းဖြင့်လည်းကောင်း ထုတ်ချေးလျက်ရှိပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် JICA Two Step Loan ချေးငွေဖြင့် ကျပ် ၁၀၀ လျှင် အတိုးရှစ်ရာခိုင်နှုန်းဖြင့် ရခိုင်ပြည်နယ်အပါအဝင် တစ်နိုင်ငံလုံးရှိ တောင်သူလယ်သမားများသို့ သုံးနှစ်၊ ငါးနှစ် သက်တမ်းရှိ ချေးငွေများထုတ်ချေးပေးလျက်ရှိပါသည်။ ရခိုင်ပြည်နယ်မှ တောင်သူလယ်သမားများသို့ စိုက်ပျိုးစရိတ်ချေးငွေများထုတ်ပေးလျက်ရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် မိုးချေးငွေကို မြို့နယ်ပေါင်း ၁၇ မြို့နယ်မှ တောင်သူများသို့ ချေးငွေကျပ် ၈၆၁၈၁ ဒသမ ၁၅ သန်း ထုတ်ချေးပေးပြီး ဆောင်းချေးငွေကို မြို့နယ်ပေါင်း ခုနစ်မြို့နယ်တွင် ချေးငွေကျပ် ၂၄၀၈ ဒသမ ၅၅ သန်း ထုတ်ချေးပေးခဲ့ပါသည်။

မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလာရေး ဥပဒေအသစ်ကိုရေးဆွဲ၍ နိုင်ငံတော်သမ္မတရုံးမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ထားပြီးဖြစ်ပါသည်။ ၎င်းဥပဒေအတည်ပြုပြီးပါက ဟိုတယ်လုပ်ငန်း လုပ်ကိုင်လိုသော မိသားစုပိုင်လုပ်ငန်းငယ်များအတွက် အခွင့်အလမ်းများပေါ်ပေါက်လာမည်ဖြစ်ပါသည်။

စီးပွားရေးလုပ်ငန်းများကို မြှင့်တင်ပေးနိုင်ရန်အတွက် ကုမ္ပဏီမှတ်ပုံတင်ခြင်းဆိုင်ရာ ဖြေလျှော့မှုများလုပ်ငန်းစဉ်တွင် ယခင်အဆင့် ၁၃ ဆင့်မှ ယခုအဆင့် ၄ ဆင့်သို့ လျှော့ချခြင်း၊ company မှတ်ပုံတင်ခြင်းကို ကျပ် ၁၀ သိန်းမှ ကျပ်ငါးသိန်းသို့ လျှော့ချခြင်း၊ ရင်းနှီးမြှုပ်နှံမှုဖြင့် company ဖွဲ့စည်းတည်ထောင်ခြင်းကိစ္စရပ်များဆိုင်ရာ သတင်းအချက်အလက်ပေးနိုင်သော Hot line တယ်လီဖုန်းအမှတ် ၁၈၈၇ သတ်မှတ်ပေးနိုင်ခဲ့ခြင်းတို့ဖြင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဖြေလျှော့မှုများကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ရာသီဥတုပြောင်းလဲခြင်း၏ ဆိုးကျိုးသက်ရောက်မှုများကို လျော့ပါးသက်သာစေရန် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော ၁၁၇၆၄ ဧက တည်ထောင်ခြင်း၊ ဂွမြို့နယ်အတွင်းဂွချောင်းဒီရေတော ကြိုးပြင်ကာကွယ်တောကို ဧရိယာအကျယ်အဝန်း ၁၆၄၄ ဧက ဖြင့် သတ်မှတ်နိုင်ရေး ဆောင်ရွက်လျက်ရှိခြင်း၊ လူထုဖြန့် စိုက်ပျိုးခြင်းကို ၂၀၁၇-၂၀၁၈ခုနှစ်တွင် အပင် ၃၉၀၀၀၀ စိုက်ပျိုးခြင်း၊ ရာသီဥတုပြောင်းလဲမှု ဒဏ်ခံနိုင်သောစိုက်ပျိုးရေးဆိုင်ရာမျိုးစေ့များ ဖြန့်ဖြူးထုတ်လုပ်ခြင်းနှင့်စပ်လျဉ်း၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်းမိုးစပါးမျိုးစေ့ထုတ်စိုက်ခင်း ၄၄၁ ဧကစိုက်ပျိုးခြင်း၊ သီးနှံပြောင်းလဲစိုက်ပျိုးရန်အတွက် ၄၁၅၆၈၇ ဧကလျာထားစိုက်ပျိုးလျက်ရှိခြင်း၊ ရေသွင်းရေထုတ်ပြုလုပ်သည့် ဆည်မြောင်းစနစ်များ တည်ဆောက်ပြုပြင်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍ တာပြုပြင်ခြင်း၊ တာတည်ဆောက်ခြင်း၊ ရေပိုလွှဲ၊ ကွန်ကရစ်ရေတံခါး၊ လျှိုပိတ်ဆည်၊ ရေလှောင်တမံပြုပြင်တိုးချဲ့ခြင်း၊ ချောင်းပိတ်ခြင်းလုပ်ငန်း ၇၅ ခုကို ရာနှုန်းပြည့်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ရခိုင်ပြည်နယ်တွင် ၂၀၁၇ ခုနှစ် ဇွန်လမှ နိုဝင်ဘာလအထိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းအား ၂၆ ကြိမ် ဆောင်ရွက်ခဲ့ပြီး ၅၁၇၄ ဦး တက်ရောက်ပါသည်။

**ဆက်လက်ဖော်ပြပါမည်။**

# စံချိန်သစ်တင်နိုင်ခဲ့တဲ့ TWICE

တောင်ကိုရီးယားရဲ့ အကျော်ကြားဆုံးသော အမျိုးသမီးတေးဂီတအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ TWICE ဟာ လတ်တလောမှာတော့ နောက်ဆုံးထုတ်လွှင့်ခဲ့တဲ့ တေးသီချင်းနဲ့ပတ်သက်ပြီး အနုပညာသက်တမ်းတစ်လျှောက် စံချိန်သစ်တစ်ခုကို တင်နိုင်ခဲ့ပြီဖြစ်ပါတယ်။ အဖွဲ့ရဲ့ တေးသီချင်း "Candy Pop" ဟာ စတင်ထုတ်လွှင့်ခဲ့ပြီးနောက် ငါးရက်ခန့်အကြာမှာတော့ ကော်ပီပေါင်း ၂၅၀၀၀၀ ခန့်ရောင်းချခဲ့ရတာဖြစ်ပါတယ်။ ဒီလိုရောင်းချခဲ့ရတာဟာ TWICE ရဲ့ ထုတ်လွှင့်ခဲ့ပြီးဖြစ်တဲ့ တေးသီချင်းတွေ စတင်ထုတ်လွှင့်ခဲ့ပြီးနောက် ငါးရက်အတွင်း အများဆုံးရောင်းချခဲ့ရတာဖြစ်တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

TWICE ဟာ ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၇ ရက်မှာ ဂျပန်တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "Candy Pop"ကို စတင်ထုတ်လွှင့်ခဲ့တာဖြစ်ပါတယ်။ ယင်းတေးသီချင်းဟာ အဖွဲ့ရဲ့ ဒုတိယမြောက်ထုတ်လွှင့်ခဲ့တဲ့ ဂျပန်တေးသီချင်းတစ်ပုဒ်ဖြစ်ပြီး စတင်ထုတ်လွှင့်ခဲ့ပြီးနောက် ငါးရက်အကြာမှာတော့ ကော်ပီပေါင်း ၂၅၀၀၀၀ ရောင်းချခဲ့ရတာ ဖြစ်ပါတယ်။

ယခုလို တေးသီချင်းကော်ပီအရေအတွက် များစွာရောင်းချခဲ့ရပြီးနောက် TWICE ဟာ အဖွဲ့ရဲ့ ယခင်စံချိန်ဟောင်းကို ချိုးဖြတ်နိုင်ခဲ့တာဖြစ်ပါတယ်။ ယခင်က အဆိုပါတေးဂီတအဖွဲ့ဟာ "One More Time"တေးသီချင်း ထုတ်လွှင့်ခဲ့ပြီးနောက် ငါးရက်အတွင်း ကော်ပီပေါင်း ၁၉၀၀၀၀ ရောင်းချခဲ့ရပြီး ရောင်းအား အကောင်းဆုံး စံချိန်တင်ထားခဲ့တာပါ။ ဒါပေမယ့် လတ်တလောမှာတော့ "Candy Pop"တေးသီချင်းရဲ့ စံချိန်ဟာ ကျော်လွန်ခဲ့တာကို တွေ့ခဲ့ရပါတယ်။ ဒီလိုအောင်မြင်ခဲ့တာကြောင့် TWICE ဟာ ဂျပန်နိုင်ငံ RIAJ အဖွဲ့ကြီးက ချီးမြှင့်တဲ့ ပလက်တီနမ်ဆုလက်မှတ်ကိုလည်း ရရှိခဲ့ကြောင်း သိရပါတယ်။





## အောဂျင်စီသစ်နဲ့ စာချုပ်ချုပ်ဆိုတော့မယ့် ဆိုးဟွန်

"Girls' Generation"ရဲ့ အဖွဲ့ဝင်တစ်ဦးအဖြစ်မှ နုတ်ထွက်ခဲ့ကာ တစ်ကိုယ်တော်အနုပညာလှုပ်ရှားမှုတွေကို ဆက်လက်လုပ်ဆောင်သွားမှာဖြစ်ကြောင်း ပရိသတ်တွေကို အသိပေးခဲ့ပြီးဖြစ်တဲ့ ဆိုးဟွန်ဟာ လတ်တလောမှာတော့ တောင်ကိုရီးယား အနုပညာအေဂျင်စီတစ်ခုဖြစ်တဲ့ ဖလိုင်းအပ်အန်တာတိန်းမန့်နဲ့ စာချုပ်ချုပ်ဆိုဖို့ရာ လက်ခံစဉ်းစားနေပြီဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းက ရေးသားဖော်ပြခဲ့ပါတယ်။ ဆိုးဟွန်ဟာ အဖွဲ့ကနေ နုတ်ထွက်ခဲ့ပြီး အေဂျင်စီနဲ့ လမ်းခွဲခဲ့တာဟာ တေးသံရှင်တစ်ဦးအဖြစ်ထက် သရုပ်ဆောင်တစ်ဦးအဖြစ် အနုပညာခရီးဆက်လိုတာကြောင့် ဖြစ်ကြောင်းလည်း မကြာသေးမီက ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ဆိုးဟွန်ဟာ "Good Thief Bad Thief" ဇာတ်လမ်းတွဲမှာ ဇာတ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ခဲ့ရင်း သရုပ်ဆောင်နယ်ပယ်ကို ခြေချလာတဲ့ ကေပေ့ါပ်ကြယ်ပွင့်တစ်ဦးလည်း ဖြစ်ပါတယ်။



## ချစ်သူတွေအဖြစ် လက်တွဲခဲ့ပြီဖြစ်တဲ့ ကမ်မီလာကပ်ဘဲလိုနဲ့ မက်သရူးဟက်စေး

ပေ့ါပ်ကြယ်ပွင့် ကမ်မီလာကပ်ဘဲလိုကို မက္ကဆီကို ကမ်းခြေတစ်ခုမှာ မက်သရူးဟက်စေးနဲ့ အတူတွဲကာ ချိန်းဆိုတွေ့ဆုံခဲ့ကြတာကို တွေ့ခဲ့ရပါတယ်။ ဒီလိုတွေ့ခဲ့ရပြီးနောက် နှစ်ရက်အကြာမှာတော့ ကမ်မီလာကပ်ဘဲလိုနဲ့ ရင်းနှီးသူတစ်ဦးက သူတို့နှစ်ဦး ချစ်သူတွေအဖြစ် လက်တွဲနေပြီဖြစ်ကြောင်း မီဒီယာတွေကို ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်ပါတယ်။ "Havana"တေးသီချင်းနဲ့ တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် နိုင်ငံတကာမှာ အောင်မြင်မှုတွေ ရလာခဲ့တဲ့ တေးသံရှင် ကမ်မီလာဟာ ချိန်းဆိုတွေ့ဆုံမှုတွေမှာ အကြံပေးအဖြစ် လုပ်ဆောင်နေသူ မက်သရူးဟက်စေးရဲ့ အလုပ်အကိုင်ကို သဘောကျတာကြောင့် သူနဲ့ လက်တွဲခဲ့တာဖြစ်တယ်လို့လည်း အသက် ၂၀ နှစ်အရွယ် တေးသံရှင်နဲ့ ရင်းနှီးတဲ့ သတင်းရင်းမြစ်က ထုတ်ဖော်ပြောကြားလာတာဖြစ်ပြီး မက်သရူးဟက်စေးကတော့ အသက် ၃၀ အရွယ်ရှိပြီ ဖြစ်ပါတယ်။



## ချစ်သူရဲ့ မွေးနေ့ကြောင့် မိခင်ရဲ့ ဖက်ရှင်ပြပွဲကို လွဲချော်ခဲ့တဲ့ ဘရွတ်ခ်လင်း

ဘောလုံးကြယ်ပွင့် ဒေးဗစ်ဘတ်ခမ်းနဲ့ ဒီဇိုင်နာတစ်ဦးဖြစ်တဲ့ ဗစ်တိုးရီးယား ဘက်ခမ်းတို့ရဲ့ သားကြီးဖြစ်သူ ဘရွတ်ခ်လင်းဘတ်ခမ်းဟာ လတ်တလောမှာ ပြုလုပ်ခဲ့တဲ့ မိခင်ဖြစ်သူ ဗစ်တိုးရီးယားရဲ့ ဖက်ရှင်ပြပွဲကို တက်ရောက်အားပေးနိုင်ခဲ့ခြင်း မရှိပါဘူး။ အခြားသော မိသားစုဝင်တွေအားလုံး တက်ရောက်ခဲ့ပေမယ့် ဘရွတ်ခ်လင်းကတော့ လွဲခဲ့ရပါတယ်။ ဒီလိုဖြစ်ရတာဟာ ဘရွတ်ခ်လင်းရဲ့ ချစ်သူ မင်းသမီး ကိုးလ်မိုရက်ဇ်ရဲ့ မွေးနေ့နဲ့ တိုက်ဆိုင်နေတာကြောင့်ဖြစ်ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းမှာ ရေးသားဖော်ပြခဲ့တာ တွေ့ရပါတယ်။ ဗစ်တိုးရီးယားရဲ့ ၁၀ နှစ်မြောက် နှစ်ပတ်လည်အဖြစ်လည်း ကျင်းပခဲ့တဲ့ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က နယူးယောက်ဖက်ရှင်ပြပွဲကိုတော့ ခင်ပွန်းဖြစ်သူ ဒေးဗစ်ဘက်ခမ်း၊ ရင်သွေးလေးတွေဖြစ်ကြတဲ့ ရိုမီယိုဘက်ခမ်း၊ ခရုဇ်ဘတ်ခမ်းနဲ့ ဟာပါဘက်ခမ်းတို့ တက်ရောက်ကာ မိခင်ကို အားပေးခဲ့တာကိုလည်း တွေ့ခဲ့ရပါတယ်။

အေးပြည့် စုစည်းသည်

## ချစ်သူများနေ့ကို တူယှဉ်နွှဲဖို့ လေဆိပ်ကို ထွက်ခွာသွားတဲ့ ဂျက်စတင်ဘီဘာနဲ့ ဆယ်လီနာဂိုမက်ဇ်





တစ်ကျော့ပြန် ချစ်ခရီးလျှောက်ခဲ့ကြတဲ့ ပေ့ါပ်ကြယ်ပွင့်စုံတွဲ ဆယ်လီနာဂိုမက်ဇ်နဲ့ ဂျက်စတင်ဘီဘာတို့ဟာ ယခုနှစ်ရဲ့ ချစ်သူများနေ့မှာတော့ အတူရှိနေကြတော့မှာ ဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ လတ်တလောမှာ လေဆိပ်ကို ထွက်ခွာသွားခဲ့တာကိုတွေ့ရပြီး သူတို့ရဲ့ ပုံရိပ်တွေကို ဟောလိဝုဒ်မီဒီယာတွေက ဖော်ပြခဲ့ကြတာကိုလည်း တွေ့ရပါတယ်။

ပြီးခဲ့တဲ့ စနေနေ့မှာတော့ ဂျက်စတင်ဘီဘာနဲ့ ဆယ်လီနာဂိုမက်ဇ်တို့ကို လော့စ်အန်ဂျလိစ် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့အသွား ကားပေါ်မှာ တွေ့ခဲ့ရတာဖြစ်ပါတယ်။ ချစ်သူများနေ့ဟာလည်း မကြာမီ ကျရောက်တော့မှာဖြစ်တာကြောင့် ဒီလို ခရီးအတူသွားကြတာဟာ ချစ်သူများနေ့ကို နှစ်ဦးသား အတူဖြတ်သန်းကြဖို့ရာ ဖြစ်နိုင်ကြောင်းနဲ့ သူတို့နှစ်ဦး အတူသွားနိုင်တဲ့ နေရာတွေကိုလည်း မီဒီယာတွေက ဝေဖန်ရေးသားခဲ့ကြပြီး ဖြစ်နိုင်ခြေအများဆုံးနေရာမှာ နယူးယောက်မြို့ဖြစ်ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းက ရေးသားဖော်ပြခဲ့ပါတယ်။

ဆယ်လီနာဟာ လာမယ့် ဖေဖော်ဝါရီ ၁၃ ရက်မှာ နယူးယောက်မှာပြုလုပ်မယ့် ဖက်ရှင်ပြပွဲကို တက်ရောက်မှာဖြစ်ပြီး ဂျက်စတင်ဘီဘာလည်း သူနဲ့အတူ လိုက်ပါခဲ့တာကြောင့် နောက်နေ့ ချစ်သူများနေ့မှာတော့ နှစ်ဦးသား နယူးယောက်မှာ ရှိနေမှာဖြစ်ပါတယ်။ ဂျက်စတင်ဘီဘာနဲ့ ဆယ်လီနာဂိုမက်ဇ်တို့ဟာ ပြီးခဲ့တဲ့နှစ် အောက်တိုဘာလအတွင်းက ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေ ပြန်လည်ပေါ်ထွက်လာခဲ့တာဖြစ်ပါတယ်။ ဒီလို သတင်းတွေထွက်ပြီး မကြာမီမှာပင် နှစ်ဦးသား ချိန်းဆိုတွေ့ဆုံမှုတွေ ပြုခဲ့တာကြောင့် ချစ်သူတွေဖြစ်နေကြောင်း ထုတ်ဖော်လာခဲ့ပါတယ်။ အဲဒီနောက်မှာလည်း နှစ်ဦးသား မကြာခဏ တွေ့ဆုံလေ့ရှိတာကို တွေ့ရပါတယ်။

ယခုနှစ်အတွင်းမှာတော့ ပေ့ါပ်ကြယ်ပွင့်စုံတွဲကို အတူတွေ့ရတာ ကျဲလာခဲ့ပါတယ်။ အချိန်အတော်ကြာ မတွေ့ရတာကြောင့် မီဒီယာတွေကတောင် ဆက်ဆံရေး ပြန်လည်အေးစက်သွားပြီလားရယ်လို့ ဝေဖန်ခဲ့ကြပါတယ်။ ဒ့ါအပြင် ဂျက်စတင်ဘီဘာနဲ့ ဆယ်လီနာဂိုမက်ဇ်ရဲ့ မိသားစုဆက်ဆံရေး မပြေလည်တဲ့သတင်းတွေလည်း ပေါ်ထွက်ခဲ့ပါတယ်။ ဒါပေမယ့် လတ်တလောမှာတော့ သူတို့နှစ်ဦး တေးဂီတဖျော်ဖြေပွဲကို အတူကြည့်ခဲ့ကြပြီး ယခုလို လော့စ်အန်ဂျလိစ်လေဆိပ်ကို အတူထွက်ခွာသွားခဲ့တာကိုလည်း တွေ့ရတာ ဖြစ်ပါတယ်။

## (၇၁)နှစ်မြောက်ပြည်ထောင်စုနေ့ အခမ်းအနားလွိုင်ကော်တွင်ကျင်းပ

**လွိုင်ကော် ဖေဖော်ဝါရီ ၁၂**
(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၈ နာရီက ကယားပြည်နယ် လွိုင်ကော်မြို့ ကန္တာယောဝန်ပန်းခြံရှိ ကျောက်သားရင်ပြင်၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို နှင့် အခမ်းအနားသို့ တက်ရောက်လာသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အလံနှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ရဲဘော် အပေါင်းအား အလေးပြုကြပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သော (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို က ဖတ်ကြားသည်။

အဆိုပါ အခမ်းအနားသို့ ကယားပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လွိုင်ကော်)မှ ဗိုလ်မှူးချုပ်မျိုးသန့်နိုင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများ၊ INGOs ,NGOs, CSOs များ၊ ကျောင်းသားကျောင်းသူများ၊ တိုင်းရင်းသားပြည်သူ ၂၅၀၀ ကျော် တက်ရောက်ကြသည်။

ဆက်လက်၍ အားကစားပြိုင်ပွဲများကို ဆက်လက်ကျင်းပလျက်ရှိကြောင်း သိရသည်။

**ကိုစိုင်း (လွိုင်ကော်)**



## ပြည်ထောင်စုနေ့အခမ်းအနားကို တိုင်းရင်းသားလူမျိုးများစုံညီစွာဖြင့် အနှစ်သာရပြည့်ဝစွာကျင်းပ



**ဘားအံ ဖေဖော်ဝါရီ ၁၂**
ကရင်ပြည်နယ် ဘားအံမြို့တွင် (၇၁) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို တိုင်းရင်းသားလူမျိုးများစုံညီစွာ ပြည်ထောင်စုနေ့အနှစ်သာရပြည့်ဝစွာဖြင့် ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက အမှတ် (၄) ရပ်ကွက် သီရိကွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများသည် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေး(စံပြဆု) ရရှိသော ကျောင်းများ၊ (၇၁) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် တက္ကသိုလ်၊ ကောလိပ်နှင့် ထက်၊ လယ်၊ မူအဆင့် စာစီစာကုံးပြိုင်ပွဲဆုရရှိသူများ၊ ငြိမ်းချမ်းရေးဂီတပွဲတော်တွင် ကရင်ပြည်ယ်ကိုယ်စားဂုဏ်ပြုဆုရရှိသော တေးသံရှင်နှင့် အခမ်းအနားတွင် ပါဝင်တီးမှုတ်ပေးသော ဘင်ခရာအဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး ကရင်ပြည်နယ် တိုင်းရင်းသားလူမျိုးများရိုးရာစာပေ ယဉ်ကျေးမှုပွဲတော်တွင် ပါဝင်ဆင်နွှဲခဲ့ကြသော ကရင်၊ မွန်၊ ဗမာ၊ ရှမ်း၊ ပအိုဝ်း တိုင်းရင်းသား ရိုးရာယဉ်ကျေးမှု အမွေအနှစ်ပြခန်းများအတွက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးမှပေးပို့သော ဂုဏ်ပြုလက်ဆောင်များအား ချီးမြှင့်ပေးအပ်ခဲ့ကြသည်။

